
www.dhammadownload.com




# အာဠဝကဘီလူး

## သောတာပန်တည်သောတရားတော်

(၆-၁၂-၆၀)

၃၀

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာ (၄)ပါးတရားတော် အမှတ်စဉ်(၃၃)မှ ထုတ်နှုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com.

# အာဋာနာဋိယသုတ်ပါဠိ

# သောတာပန်တည်သောတရားတော်

(၆ . ၁၂ . ၆၀)

ထုတ်ဝေသူ – ဦးအောင်ချို (မြ–၀၈၃၁)၊မိုးကုတ် ဝိပဿနာ
တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ် (၈၂)၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် – (၁၆/၉၄) (၈)။

ပုံနှိပ်သူ – ဦးဝင်းအောင် (မြ–၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် (၈၄)၊ လမ်း (၅၀)။
ဖုန်း –၂၉၈၆၇၄

www.dhammadownload.com

www.dhammadownload.com

# အာဠဝကဘီလူး
# သောတာပန်တည်သောတရားတော်

(၆ – ၁၂ – ၆၀)

တရားနာကြတဲ့ ဒကာ–ဒကာမတွေမှာ ဘယ်သူဦးစီးပြီး လာနိုင်ကြတယ်ဆိုတာ ကိုယ့်ဟာကိုယ် ဝေဖန်ကြရတယ်နော် ... (မှန်ပါ့ဘုရား)။

ဒါကြောင့် နေ့တိုင်း ဆရာဘုန်းကြီးကလဲ ဆုံးမတယ်။ ဒကာ–ဒကာမ တွေကလဲ လာနိုင်ကြတယ်။ ဘယ့်နှယ်ကြောင့် လာနိုင်ကြပါလိမ့်မတုံး ဆိုလို့ရှိရင် သဒ္ဓါတရားကြောင့်လို့ ဖြေရမှာပဲ ... (မှန်ပါ့ဘုရား)။

သဒ္ဓါတရားကြောင့် လာနိုင်ကြတယ်ဆိုတော့ ဒီသဒ္ဓါ တရားသည် ဒကာ–ဒကာမတို့အား ဘယ်လိုများ ရွက်ဆောင် ပါလိမ့်မလဲ၊ ငါတို့ နေ့တိုင်းနာလိုတဲ့ သဒ္ဓါတရားတွေ ပေါ် နေတယ်။ ဒီသဒ္ဓါ တရားသည်ကား ဆိုလို့ရှိရင်ဖြင့် သဒ္ဓါ တရားဆိုတဲ့ ဝမ်းထဲမှာပေါ်တဲ့ ပရမတ်သည် ငါတို့အား ဘယ် လို ရွက်ဆောင်ပါလိမ့်မလဲလို့ ဒကာကြွယ်တို့ မေးစရာ အကြောင်းရှိတယ် ... (မှန်ပါ့)၊ ဘုရားသခင် ကိုယ်တော်မြတ် ကြီးက သဒ္ဓါယ တရတိ ဩဃံတဲ့။ အာဠဝကဘီလူးကို ဟော တယ် ... (မှန်ပါ့)၊ သဒ္ဓါယ–သဒ္ဓါ တရားဖြင့်ပါ ငါဘုရား ဟောတော်မူတဲ့ တရားကို ယုံကြည်ကိုးစား အားထားသဖြင့်၊ ဩဃံ–ဩဃကို၊ တရတိ ကူးမြောက်နိုင်၏လို့ ဟောတော် မူလိုက်တယ်။ ... (မှန်ပါ့ဘုရား)။

www.dhammadownload.com



ဒကာ–ဒကာမတွေ နေ့တိုင်း တရားနာ လာနိုင်ကြတာသည်၊ သဒ္ဓါတရားကြောင့် လာနိုင်ကြတယ် ... (မှန်ပါ့)၊ ဒီသဒ္ဓါတရားက ဘာကို ရွက်ဆောင်ပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့ ဒိဋ္ဌေဘယဆိုတဲ့ တရားက ဒိဋ္ဌိ–ဩဃပါပဲတဲ့၊ ဒိဋ္ဌိတည်းဟူသော ဝဲဩဃကို လွန်မြောက်နိုင်တယ်ဆိုတော့ ဒီသဒ္ဓါတရား တစ်လုံးတည်းနဲ့လဲ ဒကာ–ဒကာမတို့ အပါယ်လေးပါး တံခါးပိတ်ပါတယ် ... (မှန်ပါ့)၊ ဘာကြောင့် ပိတ်ပါလိမ့်မတုံးဆိုတော့ ဒိဋ္ဌိကြောင့် အပါယ် သွားရတာကိုး။ သဒ္ဓါတရားဆိုတာက ယုံကြည်တာ ... အဲဒီ ယုံကြည်မှု တရားတစ်လုံးကြောင့် ဒိဋ္ဌေဘယဆိုတဲ့ ဩဃ သံသရာကြီးကို (၈ါ) အပယ်လေးပါး ရောက်စေတတ်တဲ့ ဒိဋ္ဌိတရားကြီးကို လွန်မြောက် ကျော်သွားနိုင်တယ်ဆိုတာ မှတ်ထားရမယ် ... (မှန်ပါ့ဘုရား)။

ဩော် ... ဒါဖြင့် တို့တရားနာတဲ့ သဒ္ဓါတရား၊ တို့တရားအားထုတ်တဲ့ သဒ္ဓါတရား၊ တို့တရားနှလုံးသွင်းတဲ့ သဒ္ဓါတရားသည် ဘာမှ ကျေးဇူးဥပကာရ မရှိဘူးလို့၊ ဒီလို မယူဘဲနဲ့ အပါယ်လေးပါး တံခါးပိတ်တဲ့ သောတာပတ္တိမဂ်ကို ဖြစ်စေနိုင်တယ်ဆိုတာ ယုံကြည်ရမယ် ... (မှန်ပါ့)၊ ဒကာ–ဒကာမတွေ သောတာပတ္တိမဂ်ကို ဖြစ်စေနိုင်တယ် ဆိုတာ သေသေချာချာ ယုံကြည်ကြပါနော် ... (မှန်ပါ့ဘုရား)။

ကိုင်း ... ဒါဖြင့် ဒီတရားက သဒ္ဓါကလေးတစ်လုံးက

www.dhammadownload.com



ဘုရားကြီးကျယ် လှချည်လားလို့ ဒကာ–ဒကာမတွေက အထင်ရောက်မှာ စိုးသောကြောင့် သေသေချာချာ ရှင်းပြီးပြ တော့မှ သဒ္ဓါတရားက တရုတ်ဘြဲ့ဆိုတဲ့အတိုင်း သဒ္ဓါ တရားဖြင့် ဩဃမှလွန်မြောက်နိုင်၏ ဆိုသဖြင့် ဒကာ– ဒကာမတွေကို ဘုန်းကြီးများက အားထုတ်ခိုင်းတယ်၊ ဟော့ ... မင်းတို့ စိတ်ကလေးတွေ ဖြစ်ပျက်ရှုကြ၊ ဖြစ်ပျက်ရှုဟော့ ဆိုတော့ ဩော် ... တို့ကို ဆရာသမားကလဲ တိုက်တွန်းပြော ကြားတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ စိတ္တာ နုပဿနာရှုရမယ်လို့ စိတ်ကိုရှုရမယ်လို့ ဟောထားတယ်၊ တို့ တော့ဖြင့် ယုံယုံကြည်ကြည် လုပ်မှပဲဆိုတော့ အလုပ်ကို မလုပ် ဖြစ်ကြဘူးလား ... (လုပ်ဖြစ်ပါတယ်ဘုရား)။

ဩော် ... စိတ်ကလေးတွေ၏ ဖြစ်ပျက်ကို ဒကာ– ဒကာမတွေက ယုံယုံကြည်ကြည်နဲ့ အားထုတ်ဖြစ်ကြတယ်။ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ကလဲ ဝေဒနာတရားလေးတွေက ဖြစ်ပျက် ပုံကို ယုံယုံကြည်ကြည်နဲ့ ကြိုးစားပြီး အားထုတ်ကြတာ သဒ္ဓါတရား ပြဋ္ဌာန်းနေတယ်ဆိုတာ ပေါ်လာတယ် ... (မှန်ပါ့ ဘုရား)။

ဤကဲ့သို့ အားထုတ်တော့ ဒကာ–ဒကာမတို့ ဘယ်တရား ကြောင့် အားထုတ်ဖြစ်ပါလိမ့်မတုံးဆိုတော့ ဆရာသမား ဟော ကြားချက်ကြောင့်လည်းကောင်း၊ ဘုရားဟောကြားချက်ကြောင့် လည်းကောင်း၊ ယုံကြည်ခြင်းကြောင့်လည်းကောင်း၊ အားထုတ်

www.dhammadownload.com



ဖြစ်ပါတယ် ... (မှန်ပါ)၊ ယုံကြည်တာ ဘာပါလိမ့်မလဲလို့ မေးရင် ဘယ့်နှယ်ပြောကြပါ့မလဲ ... (သဒ္ဓါတရားပါဘုရား)။

အဲဒီ သဒ္ဓါတရားကြောင့် ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါတော့၊ ရှုဖန်များလာတဲ့ အခါကျတော့ ဒီစိတ်ကလေးတွေ၏ ဖြစ်ပုံကလေးတွေ၊ ပျက်ပုံကလေးတွေ ဖျတ်ကနဲပေါ်လာပုံ၊ ဖျတ်ကနဲ ပျက်သွားပုံကို ဒကာ–ဒကာမတွေက မမြင်ရဘူးလား ... (မြင်ရပါတယ်ဘုရား)။

ဩော် ... တရားဟောတဲ့အတိုင်း ဆရာဘုန်းကြီးက မြင်လိမ့်မယ် ဆိုတဲ့အတိုင်း အားထုတ်ကြတဲ့အတွက် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေမှာ မြင်ရပါတယ် ... (မှန်ပါ)၊ ဒါယုံကြည်ပြီး အားထုတ်လို့ မြင်တာမဟုတ်ဘူးလား ... (ဟုတ်ပါတယ်ဘုရား)။

ယုံကြည်ပြီး အားထုတ်လို့ ဩော် ... အနိစ္စ ကလေးတွေ မြင်ပြီဘုရား၊ ကိုယ့်စိတ်ကလေးတွေ ကိုယ့်သန္တာန်မှာ ပေါ်လိုက်ပျက်လိုက်၊ ပေါ်လိုက်ပျက်လိုက်နဲ့ စားချင်တဲ့ စိတ်ကလေးလဲ ပေါ်လာပြီး တော်တော်ကြာ မရှိပြန်ဘူး။ အိပ်ချင်တဲ့စိတ်ကလေး ပေါ်လာပြီး မရှိပြန်ဘူး၊ သံသယစိတ် ကလေး ပေါ်လာ၊ မရှိပြန်ဘူး၊ ပြန့်လွင့်တဲ့ စိတ်ကလေး ပေါ်လာပြီး မရှိပြန်ဘူးဆိုတာ နောက်က သိသိပေးစမ်းပါ ... (မှန်ပါ)။

ထိုကဲ့သို့ သိသိပြီး ဒကာ–ဒကာမတွေက ပေးလိုက်တဲ့ အခါကျတော့ မရှိတာက အနိစ္စ၊ သိတာကမဂ္ဂ ဖြစ်ပါတယ်၊

www.dhammadownload.com


မရှိတာက … (အနိစ္စပါ)၊ သိတာက … (မဂ္ဂပါဘုရား)၊ ဩော် … ဒါဖြင့် အနိစ္စနဲ့မဂ္ဂနဲ့ တွဲဖြစ်တာဟာ ဒီအလုပ် ဘယ်သူ့ကြောင့် တွဲဖြစ်ပါလိမ့်မတုံးဆိုတာ ဒကာ–ဒကာမတွေ စဉ်းစားကြပေါ့၊ ဘယ်သူ့ကြောင့် တွဲဖြစ်သွားသတုံး … (သဒ္ဓါကြောင့် ပါဘုရား)၊ သဒ္ဓါတရား ယုံယုံကြည်ကြည်နဲ့ ကြိုးစားလိုက်တာနဲ့ တွဲဖြစ်သွားတယ်ဆိုတာ မပေါ်လာသေးဘူးလား … (ပေါ် လာပါတယ်ဘုရား)။

တွဲဖြစ်သွားတော့ ဒီစိတ်ကလေးတွေက ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်၊ အိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာလိုက်ပျက်လိုက်၊ သွားချင်တဲ့ စိတ်ကလေး ပေါ်လာလိုက်ပျက်လိုက်၊ သွားချင်တဲ့ စိတ်ကလေး ပေါ်လာလို့ရှိရင်လဲ ရှုလိုက်တာနဲ့ မရှိပြန်ဘူး။ သွားချင်တဲ့ စိတ်ကလေးဟာ ဖြစ်ပြီးပျက်သွားတယ်လို့ သိလိုက်ပြန်ပြီ … (မှန်ပါ)၊ ဩော် … မိမိ၏ခန္ဓာဆိုတဲ့ ဝိညာဏက္ခန္ဓာသည် ဖြစ်ပျက်ပါကလား၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါလား၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စတွေချည်းပါကလား လို့ သိမသွားဘူးလား … (သိသွားပါတယ်ဘုရား)။

သိသွားတော့ ဒိဋ္ဌိရှိသေးရဲ့လား … (မရှိပါ)၊ ငါ့စိတ်ဟုတ်သေးရဲ့လား … (မဟုတ်ပါ)၊ ငါ့ပစ္စည်းကော … (မဟုတ်ပါ)၊ အဲဒီမှာ ငါပြုတ်သွားပြီ၊ ဒိဋ္ဌိမကိန်းနိုင်တော့ဘူး၊ စိတ်ထဲမှာ အရင်တုန်းကတော့ ငါ့စိတ်မစမ်းနဲ့ ငါ့စိတ်ဟာ အင်မတန်ကောင်းတယ် အစရှိသည်နဲ့ စိတ်ကို ငါထင်ပြီးသကာလနေတဲ့

www.dhammadownload.com



တဲ့ဒိဋ္ဌိဆိုတဲ့တရားဟာ ဒကာ–ဒကာမတို့ ဖြစ်ပျက်မြင်တော့ ရှိသေးရဲ့လား ... (မရှိပါဘုရား)။

ဒါဖြင့် ယုံယုံကြည်ကြည်နဲ့ အားထုတ်လိုက်တဲ့ အခါကျတော့ ဖြစ်ပျက်မြင်တော့ အရင်တုန်းကတော့ ဖြစ်ပျက်ရယ်လို့မသိဘူး၊ ငါ့စိတ်ပဲ၊ ငါအိပ်ချင်တာပဲ၊ ငါစားချင်တာပဲ၊ ငါသံသယရှိတာပဲ ငါပြန့်လွင့်နေတယ်၊ ငါ ကုသိုလ်လုပ်နေတယ်နဲ့ စိတ်ကိုငါချည်း မစွဲဘူးလား ... (စွဲပါတယ် ဘုရား)။

အခုတော့ ဘုရားဟောတာ ယုံကြည်ပြီး သကာလ ဒကာ–ဒကာမတွေက ကိုယ့်စိတ်ကိုယ် ကြည့်စမ်းပါကွာ၊ မြဲ–မမြဲ ကြည့်စမ်းပါဆိုတော့ ဒကာ–ဒကာမတို့ မြဲရဲ့လား ... (မမြဲပါဘုရား)၊ မမြဲတော့ ငါတွေ့သလား၊ အနိစ္စသာ တွေ့သလား (အနိစ္စတွေ့ပါတယ်)၊ ဪ ငါမတွေ့ဘူး အနိစ္စသာ တွေ့တော့တယ်ဆိုတာ ထင်ရှားတယ်နော် (မှန်ပါ့)၊ ဒါဖြင့် ငါ ပြုတ်မသွားဘူးလား ... (ပြုတ်ပါတယ်)၊ ငါဆိုတာ ဒိဋ္ဌာသဝလို့ မှတ်လိုက်စမ်းပါ ... (မှန်ပါ့ဘုရား)။

ငါဆိုတာ ဘာပါလိမ့် ... (ဒိဋ္ဌာသဝပါဘုရား)၊ ဒိဋ္ဌာသဝဆိုတာ ဒိဋ္ဌိအာသဝပဲ၊ အဲဒီဒိဋ္ဌိအာသဝဆိုတဲ့ တရားကြီးသည် ဒကာ – ဒကာမတို့ ယုံယုံကြည်ကြည်နဲ့ အားထုတ်လိုက်တဲ့ အခါကျတော့ အနိစ္စတွေသာ ဖြစ်ပြီးသကာလနေတော့ ငါမရှိပါလား၊ ငါ့စိတ်ဆိုတာလဲ အပြောသာ ပြောကြတာပဲ၊ စင်စစ်တော့ဖြင့် ဖြစ်ပြီးပျက်တဲ့ အနိစ္စတွေပဲ တွေ့နေပါကလား၊ ဤ

www.dhammadownload.com


ကဲ့သို့ ဒကာ-ဒကာမတွေက အနိစ္စတွေချည်း ယုံယုံကြည်ကြည်နဲ့ ကြည့်လိုက်တော့ ဒကာသစ်တို့ ဒကာကြွယ်တို့ ဘာတွေတွေ့နေသလဲ ... (အနိစ္စတွေ တွေ့ပါတယ်ဘုရား)။

အနိစ္စတွေပဲ တွေ့နေကြတယ်ဆိုတော့ အနိစ္စတွေကတည်းက နိစ္စဒိဋ္ဌိ ရှိသေးရဲ့လား ... (မရှိပါဘုရား)၊ ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ ဒိဋ္ဌိ ရှိသေးရဲ့လား ... (မရှိပါဘုရား)၊ ဒီဒိဋ္ဌိက အာသဝပါကလား ... (မှန်ပါ့)၊ ဒိဋ္ဌာသဝကိုးဗျ၊ ငါထင်နေတာသည် ဒိဋ္ဌာသဝပဲ ... (မှန်ပါ့ဘုရား)။

အဲဒီဒိဋ္ဌာသဝကြီးက ဒကာ-ဒကာမတွေ သန္တာန်မှာ ဖြစ်ပျက်မြင်နေတဲ့အခါ ရှိသေးရဲ့လား ... (မရှိပါဘုရား)၊ ဘယ့်နှယ်ကြောင့် ဒီဒိဋ္ဌိ စင်ပြေးပါလိမ့်မတုံးလို့၊ ဦးဘအုန်း မေးဖို့မလိုဘူးလား ... (လိုပါတယ်ဘုရား)၊ ဘုရားက ဟောတော်မူတဲ့တရား၊ ဆရာသမားက ဟောတာကို ယုံယုံကြည်ကြည်နဲ့ အားထုတ်လိုက်တာနဲ့ ဒိဋ္ဌိကွာပြေးတာပဲ ... (မှန်ပါ့)၊ ဒါဖြင့် ယုံကြည်လို့ အားထုတ်ရင် ဒိဋ္ဌာသဝ ပြုတ်တယ်လို့ မှတ်ကြ (မှန်ပါ့)။

ဩော် ... ဒါဖြင့် ဒကာ-ဒကာမတွေ သဒ္ဓါတရားကောင်းကောင်းနဲ့ ဒီအချိန်မှာဖြစ်စေ၊ အိမ်မှာဖြစ်စေ ကိုယ့်စိတ်ကလေးကလဲ ထင်နေတဲ့ မူလပေါ်လာတဲ့ စိတ်ကလေးတွေ၊ စိတ်ကလေးတွေ ကြည့်ကြည့်ပေးတဲ့ အခါကျတော့ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊

www.dhammadownload.com



ပေါ်လာလိုက် ပျောက်သွားလိုက် ဒါတွေချည်း မတွေ့ပေဘူးလား ... (တွေ့ပါတယ်ဘုရား)။

အဲဒါတွေတွေ့တဲ့ အခါကျလို့ရှိရင်ဖြင့် ဩော် ... စိတ်လဲ မဟုတ်ပါလား၊ အနိစ္စတွေပါကလား ... (မှန်ပါ့)၊ ပေါ်လိုက် ပျောက်လိုက်၊ အနိစ္စတွေပါကလားဆိုတာ ရှင်းလင်းပြီးမသွားဘူးလား ... (သွားပါတယ်)။

ထိုကဲ့သို့ ရှင်းလင်းသွားတဲ့ ဉစ္စာသည် အနိစ္စမှန်း သိသည်နှင့် တပြိုင်နက်တည်း အနိစ္စစိတ်ဆိုတဲ့ ခိုင်တယ်၊ မြဲတယ် ထင်တာတွေ ဒကာသစ် ရှိသေးရဲလား ... (မရှိပါဘုရား)၊ ခိုင်တယ်၊ မြဲတယ် ထင်တာတွေဟာ ဒိဋ္ဌိက ထင်တာကိုးဗျ ... (မှန်ပါ့)၊ အဲဒီဒိဋ္ဌိရှိသေးရဲ့လား ... (မရှိပါဘုရား)။

ဩော် ... ဒါဖြင့် ဒကာ–ဒကာမတို့ ဒီ ... ဒိဋ္ဌာသဝဟာ ဘယ့်နှယ်ကြောင့် ဒကာ–ဒကာမတွေ ဝမ်းထဲကနေပြီး ပျောက်ပျက်သွားပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား ... (လိုပါတယ်ဘုရား)၊ ဘယ်သူ့ကြောင့် ပါလိမ့်ဗျာ ...(သဒ္ဓါတရားကြောင့်ပါဘုရား)၊ ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ အားထုတ် လိုက်တာကိုး (မှန်ပါ့)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ အားထုတ်လိုက်တာနဲ့ ဘယ်အာသဝစင်သွားပါလိမ့် ... (ဒိဋ္ဌာသဝ စင်သွားပါတယ်ဘုရား)၊ ဒါဖြင့် ဒိဋ္ဌာသဝ စင်သွားတော့ကို ဒိဋ္ဌိကြောင့်သာလျှင် ဦးဘအုန်းတို့ အပါယ်ရောက်ရတယ် ... (မှန်ပါ့)။

www.dhammadownload.com


ဒကာကြွယ်တို့ ဘယ်သူ့ကြောင့် အပါယ်ရောက်ရသတုံး ... (ဒိဋ္ဌိကြောင့် အပါယ်ရောက်ရပါတယ်)၊ ဒိဋ္ဌိနဲ့ အပါယ်ရောက်ရတာကို သိနေတော့ ယခုတော့ဖြင့် ယုံယုံကြည်ကြည်နဲ့ ကြိုးစားလိုက်တော့ အနိစ္စသာတွေ့တယ်၊ နိစ္စဒိဋ္ဌိ မရှိတော့ဘူး။ နိစ္စဒိဋ္ဌိထင်နေတာတွေ အကုန်ပျောက်တယ် ... (ပျောက်ပါတယ်ဘုရား)။

အဲဒါတွေ ပျောက်သွားတာ ထောက်ကြည့်တော့မှ ဩော် ... သဒ္ဒါယ တရတိ ဩဃံ ... လို့ အာဠဝကကို ဘုရားက ဟောလိုက်တာ သဒ္ဒါတရား တစ်လုံးနဲ့ မင်းယုံယုံကြည်ကြည်နဲ့ အားထုတ်စမ်းပါ။ ဩဃမှ လွန်မြောက်နိုင်ပါတယ်၊ သောတာပန် တည်နိုင်ပါတယ်ဆိုတဲ့ ဥစ္စာလဲ ရှင်းမသွားဘူးလား ... (ရှင်းသွားပါတယ်ဘုရား)။

အဲဒါ အာဠဝကဘီလူး သောတာပန်တည်တာ သဒ္ဒါယ တရတိ ဩဃံဆိုတာ သူ့ကိုဟောတာပဲလို့ မှတ်ရမယ် ... (မှန်ပါ့)၊ ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဆရာဘုန်းကြီးက ဒကာ–ဒကာမတွေ သန္တာန်မှာ ဘယ်စိတ်ပေါ်ပေါ် စိတ်ရယ်လို့ မဟုတ်ပါဘူးနော်၊ အခေါ်သာ စိတ်ပါ၊ ခင်ဗျားတို့ ဉာဏ်နဲ့ ကြည့်တဲ့အခါကျတော့ အနိစ္စပါ ... (မှန်ပါ့)။

ခေါ်တော့ ဘာတုန်း ... (စိတ်ပါဘုရား)၊ ဉာဏ်နဲ့ကြည့်လိုက်တော့ (အနိစ္စပါဘုရား)၊ ဉာဏ်နဲ့ကြည့်လိုက်တော့ ဖြစ်

www.dhammadownload.com



ပျက်တဲ့ အနိစ္စ ကလေးတွေချည်း မတွေ့ရဘူးလား ... (တွေ့ရပါတယ်ဘုရား)။

ဒါက ဘုရားဟောတာလဲ ယုံကြည်၊ ဆရာသမား ဟောတာတွေ အဆင့် ဟောတာလဲ ယုံကြည်တယ်၊ ယုံယုံကြည်ကြည်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ဘာတွေ တွေ့ကြပါလိမ့်မျာ ... (အနိစ္စတွေတွေ့ပါတယ်ဘုရား)။

အနိစ္စတွေ့တယ် ဆိုကတည်းက ဒကာသစ်က စဉ်းစား၊ ဒကာကြွယ်ကစဉ်းစား၊ ဦးလှဘူးက စဉ်းစားနော် ... (မှန်ပါ)၊ အရင်တုန်းက ငါထင်နေတဲ့ဒိဋ္ဌိ ရှိသေးသလား ... (မရှိတော့ပါဘုရား)၊ အရင်တုန်းက စိတ်ကို ငါ့စိတ်လို့ ထင်နေတယ် ... (မှန်ပါ)၊ အခုဒါတွေ ရှိသေးရဲ့လား ... (မရှိပါဘုရား)၊ ဒါဖြင့် ဘယ်ဩဃ စင်သွားတယ်ဆိုတာ ပေါ်လာရောပေါ့ ... (ပေါ်လာပါပြီဘုရား)။

ဘယ်ဩဃပါလိမ့်မျာ ... (ဒိဋ္ဌောဃပါဘုရား)၊ ဒိဋ္ဌောဃတို့ ဒိဋ္ဌာနုသယတို့ဆိုတာ ဒိဋ္ဌိခေါ်တာ၊ ဒိဋ္ဌိချည်းပဲနော် (မှန်ပါ)၊ အပါယ်ရောက် စေတတ်တာက သူ့ကြောင့်ရောက်ရတာ (မှန်ပါ)၊ ဒိဋ္ဌိတရား ရှိလို့သာ အပါယ်ရောက်ရတာ၊ အပါယ်ရောက်စေတဲ့ တရားကို စင်အောင်ထုတ်နိုင်တာဖြင့် သဒ္ဓါတရားပဲ ... (မှန်ပါ)။

အပါယ်ရောက်စေတတ်တဲ့ တရားကို စင်အောင်၊ ပြောင်အောင်၊ နှင်ထုတ်နိုင်တာက ဘယ်သူ့ကြောင့် ပါလိမ့်မျာ ...

www.dhammadownload.com



(သဒ္ဓါတရားကြောင့်ပါ)၊ ဩော် ... ဒါဖြင့် အပါယ်လေးပါး တံခါးပိတ်ချင်လို့ ရှိရင်ဖြင့် ဘုရားဟောတာတွေ ယုံယုံကြည် ကြည်နဲ့ ကိုယ့်စိတ်ကလေးတွေကို ကိုယ်ရှုနေကြလို့ရှိရင်ဖြင့် ဦးလှဘူး ဒိဋ္ဌိရှိသေးရဲ့လား ... (မရှိပါဘုရား)၊ ယုံကြည်မှုနဲ့ အား ထုတ်လိုက်တာ ဒိဋ္ဌိစင်ပြေးတယ် ... (မှန်ပါ့ဘုရား)။

ယုံကြည်မှုနဲ့ အားထုတ်လိုက်တာ (ဒိဋ္ဌိစင်သွားပါတယ် ဘုရား)၊ ဒိဋ္ဌိစင်ပြေးတယ် ဆိုကတည်းက ဒိဋ္ဌေါဃဆိုတဲ့ ဩဃသည် ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ သန္တာန်၌ ရှိသေးသလား ... (မရှိပါဘုရား)။

အဲဒီတော့ကို သဒ္ဓါတရားတစ်လုံးတည်း ကောင်းလိုက်လို့ရှိ ရင်လဲ ဘုရားဟောတော်မူတာ ယုံယုံကြည်ကြည်က သဒ္ဓါ တရားဗျ ... (မှန်ပါ့)၊ အဲဒီ သဒ္ဓါတစ်လုံး ကောင်းလိုက်တာနဲ့ ဒကာ–ဒကာမတို့ အပါယ်လေးပါး ကျစေတတ်တဲ့ ဒိဋ္ဌေါဃ စင်သွားတယ် ... (မှန်ပါ့ဘုရား)။

ယက္ခသံယုတ် ပါဠိတော်မှာ ဒီပါဠိအတိုင်းလာလို့ ဒိဋ္ဌေါဃ တစ်လုံးကိုဖြင့် သဒ္ဓါတစ်လုံးနဲ့ပဲ နိုင်တာပါပဲဆိုကာ ဦးဘဲ အုန်းတို့ ရိပ်မိပြီ ... (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ဒကာ– ဒကာမတို့ ဖြစ်ပျက် မြင်အောင်လုပ်တဲ့ ပုဂ္ဂိုလ်များ ယုံကြည် လို့ လုပ်ဖြစ်လို့ ယုံကြည်လို့တွေ့တာပဲဆိုရင် လွဲမလား ... (မလွဲပါဘုရား)၊ မလွဲတော့ ဖြစ်ပျက်လဲ မြင်ပါရော၊ ငါထင် နေတဲ့ ဒိဋ္ဌိဟာ ငါ့စိတ်လို့ ထင်နေတာလဲ ငါစိတ်မဟုတ်ဘူး၊

www.dhammadownload.com



အနိစ္စဖြစ်သွားတာက မသေချာဘူးလား ... (သေချာပါတယ်ဘုရား)။

ထိုကဲ့သို့ သေချာတော့ ဘယ်အာသဝ စင်သွားပါလိမ့် ... (ဒိဋ္ဌာသဝ စင်သွားပါတယ်၊ ဒိဋ္ဌာသဝစင်တယ်၊ ဒိဋ္ဌောဃ စင်တယ်၊ ဒိဋ္ဌာနုသယ စင်တယ်၊ ဒါတွေဟာ နာမည်သာပြောင်းတာ ဒကာသစ် ဒိဋ္ဌိ တစ်လုံးတည်း ... (မှန်ပါ)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒီဟာတွေ စင်ပြီးသကာလသွားတာ ဒကာ–ဒကာမတွေပဲ စဉ်းစားပါတော့၊ သတ္တဝါတွေ အပါယ်ရောက်ရတာ ဘယ်သူ့ကြောင့် အပါယ်ရောက်ရတာတုံး ... (ဒိဋ္ဌိကြောင့် အပါယ်ရောက်ရတာပါ)၊ ဒိဋ္ဌိကြောင့် အပါယ်ရောက်ရတာဆိုတာ သေချာပလား ... (သေချာပါပြီဘုရား)။

အဲဒါ ဘုရားဟောတော်မူတာ ယုံကြည်၊ ဆရာပြောတာ ယုံကြည်ပင် ယုံကြည်ငြားသော်လည်း ယုံကြည်သလောက် အားမထုတ်၊ ထိုကဲ့သို့ အားမထုတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒကာ–ဒကာမတို့ ဘယ်နည်းနဲ့မှအပါယ်တံခါး မပိတ်ဘူး၊ ဒိဋ္ဌောဃဆိုတဲ့ တရားကလဲ အနိစ္စမမြင်တော့လဲ ဒကာသစ် ကျွတ်လွတ်မသွားဘူး ပေါ့ဗျာ ... (မှန်ပါ့ဘုရား)။

ကိုင်း ဒါဖြင့် အားလုံးပဲ ဒကာ–ဒကာမတွေ အပါယ်လေးပါးတံခါး တကယ်တမ်း ပိတ်ချင်ကြလို့ရှိရင် ငါသေရင် ဘယ်သွားရမှန်း မသိဘူး၊ အပါယ်လေးပါး ရောက်ချင်သလို

www.dhammadownload.com



ရောက်၊ ဝိနိပါတဘေးများ သင့်နေမှာလားလို့ ဒီလိုတွေးလုံးတွေနဲ့ မနေရအောင် နင်တို့အတွက်နဲ့ ငါအပါယ် သွားရမှာပဲလို့ အိမ်မှာသားတွေ၊သမီးတွေ အပေါ်မှာ ညည်းလုံးထုတ်တာတွေကလဲ တချို့ဒကာ–ဒကာမတွေကလဲ တစ်ပုံကြီးပဲ ... (မှန်ပါ့)၊ အဲ ... ခင်ဗျားတို့ဟာ မမှန်လှသေးဘူး၊ နင်တို့အတွက်ကြောင့် အပါယ် ဘယ်တော့မှမရောက်ဘူး၊ ကိုယ့်သန္တာန် ဒိဋ္ဌိမပယ်နိုင်လို့ အပါယ်ရောက်ရတာ ... (မှန် ပါ့)၊ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ဒကာကြွယ်တို့ လူစုတွေက ငါတစ်ယောက်တည်း ဆိုရင် အရှင်းကြီးနော်၊ နင်တို့ကြောင့် ငါအပါယ်သွားကြောင်းတွေ ကူညီနေရသလိုလို ဘာလိုလိုနဲ့ လူကြီးဟန်ပန်တွေ အတော်သုံးတယ် ... (မှန်ပါ့) စင်စစ် သူတို့ သန္တာန်ရှိတဲ့ ဒိဋ္ဌိက ကိုယ့်ကို အပါယ်မချနိုင်ပါဘူး၊ ကိုယ့်သန္တာန်ရှိတဲ့ ဒိဋ္ဌိကသာ ... (အပါယ်ချမှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က အသုံးအနှုန်းတွေ လွဲပြီးသကာလ ကလေးတွေပေါ်မှာ ငေါက်လား၊ ငန်းလား၊ ခြောက်လား၊ ခြိမ်းလားတွေ မလုပ်ပါနဲ့၊ ကိုယ့်အရေးကိုယ် အဓိကထားပြီး သကာလ ငါနင်တို့ မစွန့်နိုင်တာနဲ့ဘဲ ငါ့ဒိဋ္ဌိ ငါအပယ် သွားရချည်ရဲ့ဆိုရင် မှန်တယ် (မှန်ပါတယ်)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ နင်တို့ကြောင့် ငါအပယ်သွားရချည်ရဲ့ဆိုရင် မမှန်သေးဘူး၊ ဒီဥစ္စာ (မှန်ပါ့)၊သဘောကျပလား (ကျပါပြီ)၊ နင်တို့

www.dhammadownload.com



ကို ငါမစွန့်နိုင်တဲ့ ဒိဋ္ဌိကြောင့် ငါအပယ်သွားရချည်ရဲ့ ဆိုရင် ဖြင့် (မှန်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာကြွယ်တို့က လူကြီးလုပ်ပြီး အပါးထုတ်ပြီး ကိုယ် အပါယ်သွားတာလဲ လွတ်တာမဟုတ်ပဲနဲ့ သူတို့အပေါ် အပြစ်တွေဖို့တဲ့ဥစ္စာ၊ ဒကာကြွယ် လွဲတယ်နော် ... (လွဲပါတယ် ဘုရား)၊ သေသေချာချာ စဉ်းစားစမ်းပါ၊ ဒကာ–ဒကာမတို့ အခုပြောတာ ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ သူများကြောင့် အပါယ်သွားရတာလား၊ ကိုယ့်ဒိဋ္ဌိကြောင့်လား ... (ကိုယ့်ဒိဋ္ဌိ ကြောင့်ပါဘုရား)။

အဲဒါ ဒကာကြွယ် အလွဲသုံးစားမသုံးပါနဲ့ (မှန်ပါဘုရား )၊ သုံးဖို့လို သေးသလား ... (မလိုပါဘုရား)၊ သူများဒိဋ္ဌိက ကိုယ့်ကိုယ် အပါယ်ချနိုင်သလား ... ကိုယ့်သန္တာန်ရှိတဲ့ ဒိဋ္ဌိက ကိုယ့်ကိုယ် အပါယ်ချနိုင်သလား ... (ကိုယ့်ဒိဋ္ဌိက ကိုယ့် ကိုယ် အပါယ်ချနိုင်ပါတယ်ဘုရား)။

ဒါပဲ နင်တို့ကြောင့် ငါအပါယ်သွားရတော့မယ်လို့ ပြော များနေလိုက်သေးတယ်ဆိုတော့ ဒကာသစ်တို့ အပါးထုတ် တာ သက်သက်ပဲ၊ ထုတ်ပေမဲ့ ဒယ်အိုးထဲ ရောက်နိုင်တာပဲ ... (မှန်ပါ)၊ ဘယ်လိုပဲထုတ်ထုတ် တရားကတော့ အမှန်ပဲစီမံမှာပဲ ... (မှန်ပါ)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ–ဒကာမတို့ ကိုယ့်သဒ္ဓါတရား မကောင်းလို့ ကိုယ်အပါယ်ရောက်ရတာ ... (မှန်ပါ)၊ ဘယ်လိုဆုံးဖြတ်ချက်

www.dhammadownload.com


ချမလဲ ... (ကိုယ့်သဒ္ဓါတရား မကောင်းလို့၊ ကိုယ်အပါယ် ရောက်ရတာပါဘုရား)။

သားတွေ သမီးတွေ ရှုပ်လွန်းလို့ သူတို့ကြောင့် အပါယ် သွားရချည်ရဲ့၊ စီးပွားရေး ကျပ်တည်းလွန်းလို့ ဒီစီးပွားရေး ကြောင့်ပဲ အပါယ်သွားရချည်ရဲ့တဲ့ မဟုတ်သေးပါဘူး၊ ဒကာကြွယ်ရဲ့၊ ဒါတွေက ပဓာန မဟုတ်သေးပါဘူး၊ စင်စစ် တော့ ကိုယ့်သန္တာန်ရှိတဲ့ ဘုရားဟောလဲ မယုံကြည်၊ ဆရာ သမားဟောတာ မယုံကြည်လို့ အားမထုတ်၊ အားမထုတ်လို့ နိစ္စဒိဋ္ဌိက ကပ်နေတယ် ... (မှန်ပါ)၊ ကပ်နေတော့ ကိုယ်မယုံ ကြည်မှုကြောင့် ကိုယ့်ဒိဋ္ဌိမကွာ၊ ကိုယ့်ဒိဋ္ဌိမကွာလို့ ကိုယ် အပါယ်သွားတာ ... (မှန်ပါ)၊ ရှင်းပလား ... (ရှင်းပါပြီ ဘုရား)။

ကိုယ်မယုံကြည်မှုကြောင့် ဘာတုံး ... (ကိုယ့်ဒိဋ္ဌိ မကွာပါ)၊ ကိုယ့်ဒိဋ္ဌိ မကွာတော့ ကိုယ်ဘာဖြစ်ရသတုံး (အပါယ် သွားရပါတယ်ဘုရား)၊ အဲဒီတော့ သူများကြောင့် ပါသေး သလား ... (မပါပါဘုရား)၊ ဟာ ... ဒီကရှေ့ ဒကာကြွယ်ရေ ပြင်ဦးဆင်ဦးနော ... (မှန်ပါ)၊ ပြင်ဖို့ဆင်ဖို့လဲ နည်းတွေ ပေးထားပြီးပါပြီ ... (မှန်ပါဘုရား)။

သမီးတစ်ယောက်ကြောင့် ငါ့မှာတော့ဖြင့် အပါယ်သွားရ တော့မည့်ပုံ၊ အလုပ်တွေ တန်းလန်းနဲ့မို့ ငါအပါယ်သွားရ တော့မည့်ပုံ၊ အားလုံး ဆွေမျိုးဉာတကာတွေ ကိစ္စ ရွက်ဆောင်

www.dhammadownload.com



နေရတာနဲ့ ငါတော့ဖြင့် အပါယ် သွားရတော့မည့်ပုံတော့ ရောက်နေပါပြီလို့ ဆိုလို့ရှိရင် လွဲတယ် ... (မှန်ပါ့)၊ ဘုရားက သဒ္ဓါယ တရတိ ဩဃံ၊ ဘုရားဟောတဲ့ တရားကို ယုံယုံ ကြည်ကြည် ကြိုးစားကြသဖြင့် ဩဃကို လွန်မြောက်နိုင်၏တဲ့ ... (မှန်ပါ့)၊ သဘောပါကြပလား ... (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာသစ် ဒီကရှေ့ကို ငါ့ကြောင့် ငါအပါယ် သွားရပုံ ပေါက်နေပြီ၊ ငါမယုံကြည်တာနဲ့ ငါ အပါယ်သွားရ ပုံရပြီ ... (မှန်ပါ့)၊ ဦးဘအုန်း ဒီလိုညည်းတတ်ပလား ... (ညည်းတတ်ပါပြီဘုရား)၊ နောက်က ဒကာ–ဒကာမတွေ ညည်းတတ်ကြပလား ... (ညည်းတတ်ကြပါပြီ)၊ ဟောဒီ လယ်တွေ၊ ယာတွေ၊ ဟောဒီ သူခိုးဓားပြတွေ၊ ဒါတွေ ရှုပ်နေ တာတဲ့၊ ကျုပ်ဖြင့် အပါယ်သွားရပုံ ရနေပြီတဲ့၊ ဒါလဲ မဟုတ် လှသေးပါဘူး ... (မှန်ပါ့)။

ဘုရားက သဒ္ဓါယ တရတိ ဩဃံ လို့ဟောထားတာပဲ အခု ဘုန်းကြီးပြောတဲ့အတိုင်း ဒကာ–ဒကာမတွေ ယုံယုံကြည် ကြည်နဲ့ ခန္ဓာကိုယ်မှာ စိတ်ကလေးတွေ ပေါ်လာတာ စိတ် ကလေးတွေရယ်လို့တောင် မဟုတ်ပါဘူး၊ သေသေချာချာ ဉာဏ်နဲ့သာကြည့်ပါ၊ ငါ့စိတ်ရယ်လို့ ခေါ်စရာမရှိပါဘူး၊ ဖြစ် ပြီးပျက်တဲ့ အနိစ္စ ကလေးတွေသာ တွေ့ပါလိမ့်မယ် ... (မှန် ပါ့ဘုရား)၊ ဒီတော့ ဘုန်းကြီးပြောတဲ့အတိုင်း မတွေ့ပေဘူး လား (တွေ့ပါတယ်ဘုရား)။

www.dhammadownload.com



ထိုကဲ့သို့ တွေ့တဲ့အခါကျလို့ရှိရင် ဒီထဲမှာ ငါဝင်ရှုပ်စရာ ရှိသေးသလား ... (မရှိပါဘုရား)၊ အနိစ္စထဲ ငါဝင်စရာ ပါသေးသလား ... (မပါပါဘုရား)၊ ငါဝင်စရာမပါတော့ ဒကာ-ဒကာမတွေက ယုံယုံကြည်ကြည်နဲ့ အားထုတ်လိုက်တော့ ဒိဋ္ဌိက ပြုတ်ထွက်သွားတယ် ... (မှန်ပါ့ဘုရား)။

ယုံယုံကြည်ကြည်နဲ့ အားထုတ်လိုက်တော့ (ဒိဋ္ဌိပြုတ်ထွက်သွားပါတယ်ဘုရား)၊ ဒိဋ္ဌိ ပြုတ်ထွက်သွားတော့ ဒိဋ္ဌိကြောင့် အပါယ်ရောက်ရမှာ ဒိဋ္ဌိပြုတ်ပေါ့ပဲ၊ အားလုံး ဒကာ-ဒကာမတွေ အပါယ် သွားစရာရှိသေးရဲ့လား ... (မရှိပါဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ-ဒကာမတို့ ခုနင်က ပြောခဲ့တဲ့အတိုင်း ငါကမယုံကြည်မှုကြောင့် ငါအလုပ် မလုပ်ဖြစ်၊ ငါအလုပ် မလုပ်ဖြစ်သောကြောင့် ငါအပါယ်သွား၊ ဒါမှစွဲချက်မှန်တယ် ... (မှန်ပါ့ ဘုရား)။

ငါမယုံကြည်မှုကြောင့် ဘာတုံး ... (ငါအလုပ် မလုပ်ဖြစ်ဘူးတဲ့)၊ ငါအလုပ် မလုပ်ဖြစ်သောကြောင့် ငါအပါယ် သွားရလေခြင်း၊ ဒီလိုတန်းနေတာပဲ ... (မှန်ပါ့ဘုရား)။

ဒါဖြင့် အလုပ်မလုပ်သေးတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် ဘုရားက အင်မတန်ကြီးကျယ်တဲ့ မဟာကရုဏာတော်ကြီးနဲ့ သနားရှာလိမ့်မယ် ဆိုတာလဲ ခင်ဗျားတို့ သံသယမရှိပါနဲ့တော့ ... (မှန်ပါ့)၊ ဒီအလုပ်ကလေးမှ မလုပ်ရသေးလဲ ဒိဋ္ဌိက မပြုတ်

www.dhammadownload.com



သေးဘူးဗျ ... (မှန်ပါ့)၊ ပြုတ်ပါ့မလား ... (မပြုတ်ပါဘုရား)။

ဒါဖြင့် အလုပ်လုပ်ဖြစ်အောင်လဲ ဘယ်သူ့ကို ခေါင်းဆောင်ပြီး ထားခဲ့တယ်ဆိုတာလဲ ယနေ့တရားမှာ အာဠဝက ဟောတဲ့နေရာမှာ ပေါ်လာတယ် ... (ပေါ်လာပါတယ်ဘုရား)၊ ဘယ်သူ့ကို ခေါင်းဆောင် ထားရမှာပါလိမ့် ... (သဒ္ဓါတရားပါဘုရား)။

သဒ္ဓါတရားကို ခေါင်းဆောင် ထားလိုက်စမ်းပါဆိုတာ ပေါ်လာပလား ... (ပေါ်လာပါပြီ)၊ သဒ္ဓါတရား မရှိလို့ရှိရင်လဲ ဘုန်းကြီးက ရှင်းပြပါ့မယ် ဒကာ-ဒကာမတို့၊ သဒ္ဓါတရားဆိုတာ ဘုရားဟောတော်မူတာ အနိစ္စရှိလို့ အနိစ္စကို ကြပ်ကြပ်ကြည့်ပေး၊ ကြည့်ရင်တွေ့မှာပဲ ... (မှန်ပါ့ဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

မယုံရင် ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ကြည့်ပါလား ... မံသ ... အသားတဲ့၊ ခန္ဓာကိုယ်မှာ အသားတွေ ရှိတယ်တဲ့ ... (မှန်ပါ့)၊ အဋ္ဌိ-အရိုးဆိုတော့ အသားအောက်မှာ အရိုးရှိတယ် မလာဘူးလား ... (လာပါတယ်)၊ အဋ္ဌိမိဉ္ဇ၊ ရိုးတွင်းခြင်ဆီဆိုတော့ အဲဒီအရိုးထဲမှာ ရိုးတွင်းခြင်ဆီကလေးတွေ မရှိဘူးလား ... (ရှိပါတယ်)၊ အဲဒါဘုရားဟောတော်မူတာ လွဲသလား ... (မလွဲပါဘုရား)၊ အသားအောက်မှာ အရိုးရှိတယ်၊ အရိုးထဲမှာ ရိုးတွင်းခြင်ဆီ ရှိတယ်ဆိုတာ ခင်ဗျားတို့ ဓားနဲ့ဖြတ်ကြည့်၊ ဒီသုံးထပ်တွေ့ရမှာပဲ ... (မှန်လှပါဘုရား)၊ အပေါ်ဆုံး

www.dhammadownload.com



ဘာ အရေရှိတယ်ဆိုတာလဲ အရေတွေ့ရမှာပဲ ... (မှန်ပါ)၊ အရေမှာလဲ အရေထူ၊ အရေပါး ရှိတယ်ဆိုတာလဲ လှီးခေါက်ပြီး ဖြတ်ကြည့်တော့ မတွေ့ရပေဘူးလား ... (တွေ့ရပါတယ်ဘုရား)။

ဒါဖြင့် အရေထူ အရေပါးအောက်မှာ အသားရှိတယ်၊ အသားအောက်မှာ အရိုးရှိတယ်၊ အရိုးထဲမှာ ရိုးတွင်းခြင်ဆီရှိတယ်ဆိုတာ ဓားနဲ့လှီး ကြည့်ရင် ယုံကြည်သလို ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဘယ်စိတ် ပေါ်လာတာ ဒါဟာ စိတ်မရှိပါဘူး၊ ဒကာ–ဒကာမတို့၊ စိတ်ဆိုတာ နာမည်ပါပဲ၊ ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဖြစ်ပြီးပျက်တဲ့ အနိစ္စတွေပဲ တွေ့ပါလိမ့်မယ်ဆိုတာ ခင်ဗျားတို့ ဓားနဲ့လှီးကြည့်သလို ဆက်ဆက် လှီးကြည့်လို့ မှန်သလိုပေါ့ဗျာ၊ သုံးဆယ့်နှစ်ကောဋ္ဌာသ အမှန်တွေ့ရသလို ဒီမှာလဲ ဒကာ–ဒကာမတို့ ဉာဏ်ကလေးနဲ့သာ စောင့်ပြီး စိုက်ကြည့် နေလိုက်စမ်းပါ၊ ဘယ်စိတ်လာလာ အနိစ္စချည်း တွေ့ပါလိမ့်မယ်ဆိုတာ ဉာဏ်ဓားနဲ့ လှီးပြီးကြည့်လိုက်ရင် ဘာတွေ့မယ် ထင်ကြသတုံး ... (အနိစ္စတွေ တွေ့ပါတယ်ဘုရား)၊ အနိစ္စပဲ တွေ့မယ်ဆိုတော့ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမတွေ တွေ့သေးရဲ့လား ... (မတွေ့ပါဘုရား)။ ဒါဘယ့်နှယ်ကြောင့် အမှန်တွေ တွေ့ပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား ... (လိုပါတယ်ဘုရား)၊အမှန်တွေ့တာသမ္မာဒိဋ္ဌိကိုးဗျ ... (မှန်ပါ့ဘုရား)

www.dhammadownload.com



အမှန်တွေ့အောင် ရှာနိုင်တာက (သမ္မာဒိဋ္ဌိပါဘုရား)၊ အဲ ... သမ္မာ ဒိဋ္ဌိလာကတည်းက ခုနင်က ဒိဋ္ဌောဃဆိုတဲ့ မိစ္ဆာဒိဋ္ဌိ နေနိုင်သေးရဲ့လား ... (မနေနိုင်ပါဘုရား)၊ မနေနိုင်ကတည်း က ဒကာ-ဒကာမတွေ စဉ်းစားပါလား၊ ဒိဋ္ဌိကြောင့် အပါယ် သွားရတာ ... (မှန်ပါ့ဘုရား)။

ခုနင်က သုံးဆယ့်နှစ်ကောဋ္ဌာသ အမှန်တွေချည်း တွေ့သ လို ဒီမှာ ဝိပဿနာစခန်းမှာလဲ ဘုရားက အနိစ္စသာ ရှိပါတယ် လို့ပြောတာ ယုံယုံကြည်ကြည်နဲ့ ဘုရားဟောတော်မူတဲ့အတိုင်း ဆရာဘုန်းကြီး ပြောတာကို ယုံယုံကြည်ကြည်နဲ့ ခင်ဗျားတို့က ကြည့်လိုက်ကြတော့ ဒကာကြွယ်တို့ ဘာတွေ့ရမတုံး ... (အနိစ္စ တွေ့ရပါမယ်ဘုရား)။

အနိစ္စတွေ့တယ် ဆိုကတည်းက ခုနင်က ငါ့စိတ်လို့ ထင် နေတဲ့ နိစ္စဒိဋ္ဌိရှိသေးရဲ့လား ...၊ (မရှိပါဘုရား)၊ စင်ပြီးမပြေး ဘူးလား ... (ပြေးပါတယ်)၊ ဒါဖြင့် ဒိဋ္ဌိခန္ဓာထဲ မရှိရင် အပါယ်သွားဖို့ ဝတ္တုရား ... (မရှိပါဘုရား)၊ ဘယ့်နှယ်ကြောင့် ဒိဋ္ဌိစင်ပြေးပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့် ယုံကြည်တဲ့ သဒ္ဓါ တရားနဲ့ အမှန်ကြည့်လိုက်လို့ ... (မှန်ပါ)၊ ယုံကြည်တဲ့ သဒ္ဓါ တရားနဲ့ အမှန်ကြည့်လိုက်ပြန်တော့ ဘယ်သူ စင်ပြေးသတုံး ... (ဒိဋ္ဌိစင်ပြေးပါတယ်)၊ ဒိဋ္ဌိစင်သွားတော့ ဒိဋ္ဌိဆိုတာ ဘယ်သွားတဲ့တရားပါလိမ့် ... (အပါယ်သွားတဲ့ တရားပါ ဘုရား)။

www.dhammadownload.com



ကိုင်း ... ဒီတရား မရှိကတည်းက ခင်ဗျားတို့ အေးအေး ဆေးဆေး လုပ်စားဖို့ပဲ ရှိတော့တယ် ... (မှန်ပါ)၊ အပါယ် ကြောက်စရာ ရှိသေးရဲ့လား ... (မရှိပါဘုရား)။

ကိုင်း ... ဒါဖြင့် ဒကာ-ဒကာမတို့ "သန္ဒါယ တရတိ ဩဃံ" ဆိုတဲ့အတိုင်း သဒ္ဓါယ ဘုရားဟောတော်မူတာ ယုံကြည် ... ဆရာသမားက ဘုရားကို အတုလိုက်ပြီး ဟော တာယုံကြည်သဖြင့် "ဩဃံ-ဒိဋ္ဌောဃ" ဆိုတဲ့ ဩဃကြီးကို (ဝါ) အပါယ်လေးပါးကို လှည့်ပို့နေတဲ့ ဒိဋ္ဌိ စေတသိက်ကို၊ တရတိ=လွန်မြောက်နိုင်၏။ ... (ဝါ) ပယ်ဖျောက်နိုင်၏ ... (မှန်ပါ)၊ သဘောပါကြပလား ... (ပါပါပြီဘုရား)။

တရားမများသေးပါဘူး ဦးဘအုန်း ... များသလား ... (မများပါဘုရား)၊ မများသေးဘူး၊ တစ်လုံးတည်းနဲ့ အပါယ် တံခါးပိတ်တဲ့ တရားကို ပြနေတယ် ... (မှန်ပါဘုရား)။

တစ်လုံးတည်းနဲ့ ဘာပါလိမ့် ... (အပါယ်တံခါး ပိတ်တဲ့ တရားကို ပြနေပါတယ်ဘုရား)။

အပါယ်တံခါးပိတ်တော့ ခင်ဗျားတို့ အိမ်ရောက်လို့ရှိရင် ည ဖြစ်စေ၊ မနက်ဖြစ်စေ ကြိုးစားကြ၊ ဆရာသမားက ခန္ဓာကိုယ် ထဲမှာ စိတ်ကလေးတွေ ပေါ်လာလိမ့်မယ်လို့ ပြောလိုက်တယ် ... (မှန်ပါ)၊ စိတ်ဟာ မပေါ်ပါနဲ့ဆိုလို့ မရဘူး၊ ပေါ်မှာပဲ ... (မှန်ပါ)၊ ဘာကြောင့်၊ စိတ်မရှိလဲ သေသွားမှာကိုး ... (မှန်ပါ ဘုရား)၊ အဲ ... စိတ်မပေါ်ရင် သေသွားမှာဆိုတော့ဒီစိတ်

www.dhammadownload.com



ကလေးဟာ ပေါ်ရမှာပဲ၊ အဲဒီ ပေါ်တဲ့စိတ်ကလေးကို ခင်ဗျားတို့ ဘာပါလိမ့်မတုံးသာ ဦးဘအုန်းတို့ စောင့်စောင့်ကြည့်စမ်း၊ စောင့်ကြည့်တော့ စိတ်ကလေးဟာ ဘာပြောသွားမယ်ထင်သတုံး ... (အနိစ္စပြောမှာပါဘုရား)၊ ကျုပ်ဟာ အနိစ္စ၊ ကျုပ်ဟာ အနိစ္စပါပဲလို့ ပြောသွားပါတယ် ... (မှန်ပါ့ဘုရား)။

ပြောသွားကတည်းက သူပြောတာဟုတ်သားပဲလို့ ယုံယုံကြည်ကြည်နဲ့ ကြည့်လိုက်တော့ အနိစ္စသာရှိတယ်၊ ငါ့စိတ်လဲ မရှိပါဘူး၊ သူ့စိတ်ကော ... (မရှိပါဘူး)။

ဒါဖြင့် ငါ့စိတ် သူ့စိတ်ဆိုတဲ့ ဒိဋ္ဌိ ဘယ့်နှယ့်နေသတုံး၊ ဒိဋ္ဌိပြုတ်မသွားဘူးလား ... (ပြုတ်သွားပါတယ်)၊ ဒိဋ္ဌိပြုတ်သွားတော့ ဒိဋ္ဌိညြဟကြီးဟာ ကျုပ်တို့သန္တာန်မှာ ရှိသေးရဲ့လား ... (မရှိပါဘုရား)၊ ဒိဋ္ဌိတရားကြောင့် အပါယ်သံသရာကြီး လည်ဖို့ရာ ဖြစ်လေသောကြောင့် ဒိဋ္ဌောဃဆိုတဲ့ ဥစ္စာကြီး ရှိသေးရဲ့လား ... (မရှိပါဘုရား)။

ဒါထောက်ကြည့်တော့ ဒီဒိဋ္ဌိတည်းဟူသော အပါယ်သံသရာကြီးမှ ကျုပ်တို့လွတ်မြောက်သွားတာ ဘယ်တရားကြောင့် လွတ်မြောက်ပါလိမ့်မတုံး ... (သဒ္ဓါတရားကြောင့်ပါ)၊ ယုံကြည်တဲ့ သဒ္ဓါတရားကြောင့် ... (မှန်ပါ့)၊ ယုံကြည်ပြီး အားထုတ်လိုက်တဲ့ သဒ္ဓါတရားကြောင့် လွတ်မြောက်သွားတာ ... (မှန်ပါ့ဘုရား)။

ဒီတစ်လုံးတည်းကို ပြောနေတဲ့ ဥစ္စာသည် ဘုရားကိုက

www.dhammadownload.com



ဒီနေရာမှာ တစ်လုံးတည်းဟောလို့... တစ်လုံးတည်း ပြောနေတာ ဦးဘအုန်းရ ... (မှန်ပါ့ဘုရား)။

ကိုင်း ... ဒါဖြင့် ယုံကြည်ရင် အပါယ်လေးပါးမှ လွတ်နိုင်ပါတယ် ... (မှန်ပါ့)၊ သဘောပါကြပလား ... (ပါပါပြီဘုရား)။

ယုံယုံကြည်ကြည် ဆိုတာ ဒီပြင်ဟာကို ရမ်းလဲမယုံနဲ့၊ ဘုန်းကြီးပြောတဲ့အတိုင်း ကိုယ့်စိတ်ကလေးတွေကို ကိုယ်ပြန်ကြည့်ရမယ်၊ စိတ်ကလေးတွေကို ကြည့်ပေး၊ ဘုရားက ယုံယုံကြည်ကြည်နဲ့ ကြည့်ပေး ... ကြည့်ပေးတဲ့အခါ စိတ်ကလေးတွေက စိတ်လို့ ပြောမလား၊ အနိစ္စလို့ ပြောမလား ... (အနိစ္စလို့ ပြောမှာပါဘုရား)။

ဩော် ... ဘုရားက ခန္ဓာကိုယ်ထဲ အနိစ္စရှိတယ်လို့ ဟောထားတာ၊ တို့က ယုံယုံကြည်ကြည်နဲ့ ကြည့်လိုက်တော့ အနိစ္စပဲ တွေ့တော့တယ် ... (မှန်ပါ့ဘုရား)၊

ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့ ဘာတွေတွေ့ပါလိမ့် ... (အနိစ္စတွေပဲ တွေ့ပါတယ်ဘုရား)၊ အနိစ္စတွေပဲ တွေ့တယ်ဆိုတာ သဘောကျပလား ... (ကျပါပြီဘုရား)။

အဲ ... အနိစ္စပဲ တွေ့တဲ့အခါကျတော့ နိစ္စဒိဋ္ဌိ ရှိသေးရဲ့လား ... (မရှိပါဘုရား)၊ အရင်တုန်းကတော့ ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ ဒိဋ္ဌိက စိတ်ပေါ်မှာ ကပ်နေတယ် ... (မှန်ပါ့)၊ အခု အနိစ္စလို့ စိတ်ကိုယ်တိုင်က ဖွင့်ဟပြီးသကာလ ပြောလိုက်

www.dhammadownload.com



သလို စိတ်တရားက ဖြစ်ပျက်ပြီး ပြလိုက်သဖြင့် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ့ ဥ ငါ့စိတ်ဆိုတဲ့ အထင်ဟာ ဘယ့်နှယ်နေသတုံး ... (မရှိပါဘုရား)၊ ဒါဖြင့် ဘယ်ဒြဲဃ လွန်မြောက်သွားပါလိမ့်မတုံး ... (ဒိဋ္ဌိဃ လွန်မြောက်ပါတယ်ဘုရား)၊ ဒိဋ္ဌိဃ လွန်မြောက် သွားတယ်ဆိုတာ ယုံကြည်ပလား ... (ယုံကြည်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒိဋ္ဌိဃဆိုတဲ့ အပါယ်သံသရာကြီးမှ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ လွတ်သွား ပါလိမ့်မလဲလို့ လက်သည်အရင်းကျကျ ရှာလိုက်စမ်း၊ ဒကာ–ဒကာမတို့ ... (သဒ္ဓါတရားကြောင့်ပါ)၊ တယ်လဲကောင်းတဲ့ သဒ္ဓါတရားပါလား (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီတရားတစ်ပွဲလုံး မှတ်စရာက၊ သဒ္ဓါယတရတိ ဩဃံ၊ သဒ္ဓါယ–ဘုရားဟောတာ ယုံကြည်၊ ဆရာသမားပြောတာ ယုံကြည်သဖြင့်၊ ဩဃံ–အပါယ် သံသရာတည်းဟူသော ဒိဋ္ဌိဃကို၊ တရတိ–လွန်မြောက်နိုင်၏၊ ဆိုတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ သြော် ... နည်းနည်းနောနောကျေးဇူး မဟုတ်ပါလား၊ အခု နာရီဝက်သာသာ ဟောတဲ့ဥစ္စာ ... ဒီတစ်လုံးတည်းနဲ့ပဲ ဘုရားဟောတာ ယုံကြည်၊ ဆရာ သမားပြောတာ ယုံကြည်ပြီး ပေါ်တဲ့စိတ် ကြည့်နေပါ ... (မှန်ပါ့)၊ ပေါ်တဲ့စိတ် ကြည့်နေတော့ စိတ်က ဘာပြောမယ်သင့်သတုံး ... (အနိစ္စ ပြောမှာပါဘုရား)၊ အနိစ္စပြောလိုက်

www.dhammadownload.com



တယ် ဆိုကတည်းက အနိစ္စက အနိစ္စ၊ သိတာကမဂ္ဂ ဖြစ်သွားတယ် ....(မှန်ပါ့)၊ အဲဒီမဂ်ကနေပြီး ... ဒကာ်အုန်းတို့ ဒိဋ္ဌိပယ်ချလိုက်တယ် ... (မှန်ပါ့)၊ မချလိုက်ဘူးလား (ချပါတယ်ဘုရား)။

ဒိဋ္ဌိ ပယ်ချလိုက်တော့ အပါယ်လေးပါး သံသရာကြီးကို ဒိဋ္ဌိတည်းဟူသော ရေသောက်မြစ်ကြောင့် ပေါက်နေတဲ့ အပါယ် သံသရာလေးပါး သဘောကျပလား ... (ကျပါပြီ)၊ ဒိဋ္ဌိ တည်းဟူသော ရေသောက်မြစ်ကြောင့် ပေါက်နေတဲ့ အပါယ်သံသရာကြီးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒိဋ္ဌိတည်းဟူသော ရေသောက်မြစ်ကို ကျုပ်တို့က တူးဆွပြီး မီးရှို့ပစ်လိုက်သဖြင့် ခုနင်က အပါယ်သံသရာ လေးပါးကြီးဟာ ရှိသေးသလား ... (မရှိတော့ပါဘုရား)၊ ဘယ်ရေသောက်မြစ် တူးဆွပစ်လိုက်ပါလိမ့် ... (အပါယ်ရေသောက်မြစ် တူးဆွပစ်လိုက်လို့ပါဘုရား)၊ ဘယ်သူနဲ့ တူးလိုက်ပါလိမ့်မတုံးမေးတော့ မဂ်နဲ့ တူးချလိုက်တယ် ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

မဂ်က တူးချင်လို့ တူးနိုင်တာလား ဆိုလို့ရှိရင်ဖြင့် သဒ္ဓါတည်းဟူသောလက်နဲ့ ကိုင်မိလို့ တူးနိုင်တာ ... (မှန်ပါ့)၊ ဒါဖြင့် သဒ္ဓါသည် လက်နဲ့တူတယ် ... (မှန်ပါ့)၊ ပညာသည် တူးရွင်း ပေါက်ပြားနဲ့ တူတယ် ... (မှန်ပါ့)၊ ဒိဋ္ဌိက ရေ

www.dhammadownload.com



သောက်မြစ်နဲ့တူတယ် ... (မှန်ပါ့)၊ အပါယ်လေးပါးကြီးက ပင်စည်၊ ခက်မ၊ အသီး၊ အပွင့်တွေနဲ့ တူတယ် ... (မှန်ပါ့ဘုရား)။

အဲဒီတော့ သဒ္ဓါတည်းဟူသော လက်မပါဘဲနဲ့ ပညာတည်းဟူသော တူးရွင်းက သူ့ဟာသူ မတူးနိုင်ဘူးဗျာ ... (မှန်ပါ့)၊ ရိပ်မိပလား'... (ရိပ်မိပါပြီဘုရား)။

သဒ္ဓါဟာ ဘာနဲ့တူသတုံး ... (လက်နဲ့တူပါတယ်)၊ ပညာဟာ တူးရွင်းနဲ့ တူတယ်၊ သဘောကျပလား ... (ကျပါပြီ)။ သဒ္ဓါတည်းဟူသောလက်နဲ့ ပညာတည်းဟူသော တူးရွင်းကို ကိုင်ပြီးတဲ့သကာလ ဒိဋ္ဌိရေသောက်မြစ် တူးလိုက်တော့ မရဘူးလား ... (ရပါတယ်)၊ အဲ ... ဒိဋ္ဌိရေသောက်မြစ်လဲ တူးလိုက်ပါရော အပါယ်လေးပါး တည်းဟူသော ပင်စည်ခက်မကြီးတွေ တစ်ခါတည်း ဒကာသစ် ပြုတ်ပြုတ်ပြုန်း ကျုပ်တို့အတွက် ရှိသေးရဲ့လား ... (မရှိပါဘုရား)။

ဒါဖြင့် အပါယ်လေးပါး ရေသောက်မြစ်ကို တူးနိုင်တာက ဖြင့် သဒ္ဓါယ တရုတိ ညြဿတဲ့၊ သဒ္ဓါတရားရှိပြီး ပညာနဲ့ အားထုတ်လိုက်တဲ့အတွက် ဒကာ–ဒကာမတို့ လိုရာခရီးကြီး အပြီးကြီး ပြီးသွားတော့တယ်ဆိုတာ ယုံကြည်ပလား ... (ယုံကြည်ပါပြီဘုရား)။

အခုတော့ ဒကာ–ဒကာမတွေ စိုးရိမ်နေတာက ဩော် ...

www.dhammadownload.com



ငါသေရင် အပါယ်များ ရောက်ချည်မလား၊ ဒီသား ဒီသမီးတွေနဲ့တော့ အပါယ်များ ရောက်သွားရင် မခက်ဘူးလား ... (မှန်ပါ့)၊ ခင်ဗျားတို့ တွေးချက်က သိပ်လွဲတယ် ... (လွဲပါတယ်ဘုရား)။

ဒကာသစ်တို့က တော်တော်ဆိုးတဲ့လူတွေ၊ ဒီသား၊ဒီသမီး၊ ဒီပစ္စည်းတွေနဲ့ တပည့်တော်တို့ဖြင့် သေတောင်မှ အပါယ် တော့ လွတ်မယ်မထင်ဘူးတဲ့၊ ဟာ ... ဒီသား ဒီသမီး ဒီပစ္စည်း တွေနဲ့ ဘာမှမဆိုင်ဘူး၊ ဝမ်းထဲမှာ ဒိဋ္ဌိ မတူးဖြိုနိုင်တာနဲ့ သဒ္ဓါတည်း ဟူသောလက်နဲ့ ပညာ တည်းဟူသော တူးရွင်း၊ ပေါက်ပြားကိုင်ပြီး ဒိဋ္ဌိရေသောက်မြစ် မတူးနိုင်မှ အပါယ် သွားရမှာ ... (မှန်ပါ့ဘုရား)၊ ဒီသား ဒီသမီး ဒီပစ္စည်းကြောင့် သွားတာ မဟုတ်ပါဘူး ... (မှန်ပါ့)၊ သဘောပါကြပလား ... (ပါပါပြီ ဘုရား)။

ဒါဖြင့် ဒကာ–ဒကာမတို့ အိပ်လဲမနေကြပါနဲ့၊ အရောင်း အဝယ်ကလေးလဲ လောမနေကြပါနဲ့၊ ဒိဋ္ဌိရေသောက်မြစ် တူး ပြီးသကာလ အပါယ်သံသရာကြီး ချုပ်ငြိမ်းရပ်သိမ်းတဲ့ အလုပ် ကို အရင်လုပ်ပါဦး၊ ပြီးတော့မှ ခင်ဗျားတို့ သားရေး၊ သမီး ရေး၊ စီးပွားရေးကို နောက်ထားလုပ်ပါ ဆိုတာများ ဒကာကြွယ် ဒီဥစ္စာ နားထောင်ဖို့ သိပ်ကောင်းပါတယ် ... (မှန်ပါ့ဘုရား)၊ ကဲ ... ပါဠိတော်ကော ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ သဒ္ဓါယ

www.dhammadownload.com



တရုတိ ဩဃံ၊ သဒ္ဓါယ = ယုံကြည်တဲ့ သဒ္ဓါတရားဖြင့်၊ ဩဃံ = ဒိဋ္ဌောဃကို တရုတိ=လွှန်မြောက်နိုင်၏။ သဘောပါကြပလား ... (ပါပါပြီဘုရား)။

ဒါဖြင့် ဒီတရားနဲ့ပဲ ဒကာသစ်ရေ သေပျော်ပြီ ... (မှန်ပါ့)၊ ဖြစ်ပျက် မြင်အောင် ဘယ်သူ့ကို အမိက ထားရမယ် ... (သဒ္ဓါကို ထားရပါမယ်)၊ သဒ္ဓါတရား အမိကထားတော့ သဒ္ဓါတည်းဟူသောလက်နဲ့ ပညာတည်းဟူသော သံတူးရွင်း ကိုင်လိုက်လို့ရှိရင်ဖြင့် ဒိဋ္ဌိရေသောက်မြစ်ဟာ တူးနိုင်တော့တာပါပဲ ... (မှန်ပါ့)။

ဒါကြောင့် အဋ္ဌကထာ ဆရာများက ပြတာက ဓားဟာ ဘယ်လို ပင်ထက်အောင် သွေးထားသော်ငြားလည်း ကိုင်ပြီး ခုတ်မဲ့သူ မရှိရင် ဒကာသစ် ဘယ်အပင် ပြတ်ပါ့မလဲ ... (ဘယ်အပင်မှ မပြတ်ပါဘုရား)၊ ဓားမထက်လို့လား၊ ကိုင်ခုတ်မည့်သူ မရှိလို့လား ... (ကိုင်ခုတ်မည့်သူ မရှိလို့ပါ)၊ သဘောပါကြပလား ... (ပါပါပြီဘုရား)။

ဒီမှာ ခုတ်တဲ့ပညာတွေ ဒကာ–ဒကာမတွေ ထိုက်တန်သလောက် ရှိငြားသော်လည်း သဒ္ဓါတည်းဟူသော လက်နဲ့ ကိုင် မခုတ်လို့ရှိရင်လည်း ဒိဋ္ဌိတည်းဟူသော ရေသောက်မြစ်က ပြတ်ပါ့မလား ... (မပြတ်ပါဘုရား)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

www.dhammadownload.com



ဩော် ... ဒါဖြင့် ဓားတောင်မှ သွေးလို့ ဘယ်လောက်ထက်ထက် ဒကာကြွယ်ရေ၊ ချထားရင် ဘာမှမပြတ်ပါဘူး ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီဘုရား)၊ လက်နဲ့ယူပြီး ခုတ်လို့ရှိရင် ဘယ်အပင် ခုတ်ခုတ် ပြတ်ရမှာပဲ ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီအထဲမှာ ဘယ်သူ အရေးကြီးနေတယ်ဆိုတာ ပေါ်ရောပေါ့ ... (ပေါ်ပါပြီဘုရား)၊ ဘယ်သူ အရေးကြီးပါလိမ့် ... (သဒ္ဓါ၊ အရေးကြီးပါတယ် ဘုရား)။

ဒါကြောင့် ဘုရားက ဒီနေရာမှာ သဒ္ဓါယ တရတိ ဩဃံလို့ ဟောတော်မူတယ်၊ သဒ္ဓါယ = ယုံကြည်ကိုးစားသော သဒ္ဓါတရားဖြင့် (ဝါ) ဖြစ်ပျက်ရှိတာ၊ ဖြစ်ပျက်ရှိတယ်လို့ ယုံယုံကြည်ကြည်ဖြင့် ရှိသဖြင့် ဩဃံ = ဒီဩဃကို (ဝါ) အပါယ်သံသရာကြီးကို တရတိ = လွန်မြောက် နိုင်ပါတယ် ကွာတဲ့ ... (မှန်ပါ့) ဆိုတော့ ဒကာ–ဒကာမတို့ ဒီဥစ္စာ နှစ်ခွန်း သောစကားကိုပြောတဲ့ ဘုရားမဟုတ်ပါဘူး ... (မှန်ပါ့ ဘုရား)။

တစ်ခွန်းတည်းနဲ့ အမှန်ကို ပြောတတ်တဲ့ မြတ်စွာဘုရားပါ ... (မှန်ပါ့)၊ တစ်ခွန်းကလဲ အမှန်ကို ပြောသလား၊ မမှန်တာကို ပြောသလား ... (မှန်တာကို ပြောပါတယ်)၊ မှန်တာပြောတာလဲ အကျိုးရှိတာ ပြောသလား၊ အကျိုးမရှိတာ ပြောသလား ... (အကျိုးရှိတာ ပြောပါတယ်ဘုရား)။

www.dhammadownload.com



ဒါဖြင့် မှန်တာလဲ ပြောပြန်၊ တစ်ခွန်းတည်းလဲ ပြောပြန်၊ ဒီစကား တစ်လုံးတည်းမှာ အရေးကြီးကြောင်းကို သေသေချာချာ တစ်ခွန်းနဲ့အမှန် အကျိုးရှိတာကို ပြောနေတာ ... (မှန်ပါ)။

ဒါဖြင့် သဒ္ဒါယ တရုတ် ဩဃံ ဆိုတာ ကောင်းကောင်း ကျေနပ်ကြပလား ... (ကျေနပ်ပါပြီဘုရား)၊ သဒ္ဒါတရားသာ ကောင်းကြပါစေဆိုတော့ တလွဲတွေမှာ ကောင်းဖို့မလိုပါဘူး၊ ကိုယ့်ကိုယ်ကို လှဖို့, ပဖို့, ကောင်းဖို့ မလိုပါဘူး၊ ကိုယ့်ဒုက္ခ သိမ်းဖို့ နေရာမှာ ကောင်းဖို့လိုပါတယ် ... (မှန်ပါဘုရား)။

နတ်ပြည် ရောက်ရုံလောက်သာ မျှော်ကိုးပြီး ပေးကမ်းလှူဒါန်းနေလို့ရှိရင် အဲဒီသဒ္ဒါသည်လည်း အကောင်းကြီး မဟုတ်သေးဘူး ... (မှန်ပါ)၊ ဗြဟ္မာပြည် ရောက်ဖို့လောက် ကောင်းနေတဲ့ သဒ္ဒါမျိုးလောက်ဆိုတာ မဟုတ်သေးပါဘူး၊ အပါယ် လေးပါး ပိတ်ဖို့ရာ သဒ္ဒါကောင်းလိုက်စမ်းပါ၊ ဒိဋ္ဌိပြုတ်ဖို့ရာ သဒ္ဒါကောင်းလိုက်စမ်းပါ ... (မှန်ပါ)။

ဘာဟောပါလိမ့် ... (အပါယ်လေးပါး၊ ပိတ်ဖို့ရာ သဒ္ဒါ ကောင်းဖို့ ဟောပါတယ်ဘုရား)၊ နတ်ပြည်ရောက်သွားလဲ တော်တော်ကြာ အပါယ် ခုန်ချရဦးမယ်ဆိုတော့ ဒကာသစ် အလကားပါ ... (မှန်ပါ)၊ ဗြဟ္မာပြည် ရောက်ပါလိမ့်မယ် ရောက်ပြီး အပါယ် ပြန်ဆင်းရလိမ့်ဦးမယ်ဆိုတော့ ကောင်း

www.dhammadownload.com



တာမှ မပာှတ်သေးဘဲ (မှန်ပါ)၊ ဒါကြောင့် အဲဒီသင်္ခါတွေ အသာ ချိတ်ထားပြီး သကာလ အပါယ်လေးပါး တံခါးပိတ်ဖို့ သင်္ခါကောင်းပြီး သုံးကြစမ်းပါဆိုတာ တိုက်တွန်းရပြန်တယ် (မှန်ပါ)၊ * မတိုက်တွန်းဘူး လား၊ (တိုက်တွန်းသင့်ပါတယ်)၊ သဘောပါကြပလား ... (ပါပါပြီ ဘုရား)။

ဒါဖြင့် တရားတစ်ပွဲလုံး အစုနာရီ သုံးမတ်ရှိသွားပြီ၊ ဒကာ -ဒကာမတို့၊ ဘယ်နှစ်လုံး ဟောပါလိမ့်၊ (တစ်လုံးတည်းပါ ဘုရား)၊ တစ်လုံးတည်းမှာ ဘုရားက တစ်ခွန်းတည်း သုံးတယ်၊ အကျိုးရှိတာ သုံးတယ်၊ အမှန်ကိုသုံးတယ် ... (မှန်ပါဘုရား)။

အဲ ... တစ်ခွန်းတည်းနဲ့ အမှန်အကျိုးရှိတာကို သုံးတော့ သင်္ခါ ကောင်းလို့ရှိရင်ဖြင့် အောက်သံသရာကို ခင်ဗျားတို့ လွှန်မြောက်နိုင်ပါတယ် (မှန်ပါ)၊ သင်္ခါကောင်းလို့ရှိရင် (အောက်သံသရာကို ခင်ဗျားတို့ လွှန်မြောက်နိုင်ပါတယ်)၊

---

* ကမ္မဖလ သင်္ခါ အရင်းခံမှုဖြင့် ကမ္မဿကတ သမ္မာဒိဋ္ဌိ၊ ဈာန သမ္မာဒိဋ္ဌိမျှ ရှိကြသဖြင့် ရတနတ္တယ သင်္ခါအရင်းခံပြီး ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂ သမ္မာဒိဋ္ဌိ၊ ဖလ သမ္မာဒိဋ္ဌိ ထိအောင် သွားပါဟု ဆိုလိုသည်။

www.dhammadownload.com



တယ်လဲအဖိုးတန်ပါကလား (အဖိုးတန်ပါတယ်)၊ ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူမှ ဒီစကား တစ်လုံးတစ်လုံး ကလေး အဖိုးတန်ပြီး ထွက်ထွက်၊ ထွက်ထွက်လာတယ်နော် ... (မှန်ပါ့)။

ခင်ဗျားတို့ ဗလစ်ဗလစ်နဲ့ ရှေးထဲပြောနေတဲ့ အသွားတွေက အလုံး တစ်ရာပြောလို့ တစ်လုံးမှ အသုံးချစရာ မပါတာတွေ ရှိသေး၊ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ကျန်းမာပါရဲ့လား၊ မမြင်ရတာကြာပြီ၊ မျှော်ရတာလဲကြာပြီ၊ ငယ်ငယ်တုန်းကဟာတွေ ကျုပ်တို့အောက်မေ့တိုင်း အိပ်ရာဝင်ရင် ခင်ဗျားပဲ သတိရနေတယ်၊ အပိုချည်းပဲ၊ ဘာမှမဟုတ်ဘူး၊ ဒီဥစ္စာတွေ (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

ဘုရားက တစ်လုံးတည်းနဲ့ ဒီအသုံးမျိုး ဟုတ်ပါရဲ့လား ... (မဟုတ်ပါဘုရား)၊ တစ်ခွန်းတည်းနဲ့ ပြောတယ်၊ မှန်တာကို ပြောတယ်၊ အကျိုးရှိတာကိုပြောတယ် (မှန်ပါ့)၊ ခင်ဗျားတို့ ကတော့ အခွန်းတစ်ရာပြောလဲ မှန်တဲ့တစ်လုံးပါဖို့ အတော်ခဲယဉ်းတယ် (မှန်ပါ့)၊ အကျိုးဆိုတာတော့ မတွက်နဲ့တော့၊ လုံးဝမလာ ... (မှန်ပါ့)၊ ဘယ်လောက် ဆိုးနေသတုံး ... (ဆိုးပါတယ်ဘုရား)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ပြီးတော့ ခင်ဗျားတို့ချင်း လက်ခုပ်တီးသေးတယ်၊ သူက အပြောအဆို ကောင်းတယ်လို့များ လက်ခုပ် တီးသေးတယ် ဟိုလူက နောက်ဆိုရင် ဒီထက်ဘဝင်မြင့်တော့မှာပဲ၊ ဘေးက

www.dhammadownload.com



ဒါလောက်လက်ခုပ်တီးရင် (မှန်ပါ)၊ မဆိုးရွားဘူးလား ... (ဆိုးရွားပါတယ်ဘုရား)။

အဲဒီတော့ ဘုရားကို အတုခိုးဖို့ ကောင်းတယ်ဆိုတာ ပေါ်လာပလား (ပေါ်လာပါပြီ)၊ ဘုရားက ဘယ်နှစ်ခွန်း သုံးသတုံး (တစ်ခွန်းပဲ သုံးပါတယ်)၊ အကျိုးရှိ–မရှိကော ... (ရှိပါတယ်)၊ အကျိုးရှိတာကို တစ်လုံးတည်း သုံးလိုက်တယ် ... (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)၊ မှားသလား–မှန်သလား ... (မှန်ပါတယ်ဘုရား)။

ဒါဖြင့် တစ်ခွန်းတည်း သုံးပြီးသကာလ မှန်တာကို အမိကထားပြီး အကျိုးရှိတာလို့ သုံးလိုက်ပါတယ် ... (မှန်ပါ)၊ စကားများရဲ့လား (မများပါဘုရား)၊ ကဲ ... ဒါဖြင့် ဒကာကြွယ်ရေ သဒ္ဓါယ တရတိ ဩဃံ၊ ဆိုတော့ သဒ္ဓါ တစ်လုံး ကောင်းကောင်း ယုံယုံကြည်ကြည်နဲ့ ဒီယောဂီ တွေ အလုံးစုံအကုန် အားထုတ်ကြမယ်ဆိုရင် သောတာပတ္တိမဂ် မုချရနိုင်ပါတယ်လို့ ဒီတရားမှာသုံးပါ (မှန်ပါ)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

နောက်စကားတစ်လုံးက အာဠဝကပဲ ဟောလိုက်ပါတယ် "အပ္ပမာဒေန အဏ္ဏဝံ" အပ္ပမာဒေန=သတိတရားဖြင့်၊ ဟောဒါ ကျတော့ သတိကိုလက်ကိုင်ထားပြီး ... (မှန်ပါ)၊ အဏ္ဏဝံ= အပြင်ကျယ်စွာ သံသရာပင်လယ်ကြီးကို၊ တရတိ လွန်မြောက် နိုင်ပါ၏ ... (မှန်ပါ)၊ သတိကလေး တစ်လုံးကို မင်းတို့

www.dhammadownload.com



သုံးလိုက်မယ် ဆိုလို့ရှိရင် ခုနင်ကတော့ ဒိဋ္ဌေဃ တစ်ခုတည်း ပြုခဲ့တယ်၊ အခုတော့ ဩဃလေးပါးမှ အကုန်လွန်မြောက်နိုင်တယ်တဲ့ ... (မှန်ပါ)။

ဒကာ-ဒကာမတို့ သတိတစ်လုံး သုံးလိုက်ပြန်တော့ ... (ဩဃလေး ပါးမှ လွန်မြောက်နိုင်ပါတယ်ဘုရား)။

ခုနင်က သဒ္ဓါတက် သူကကြီးသပေါ့၊ မကြီးဘူးလား ... (ကြီးပါတယ်ဘုရား)၊ သတိကလေးတစ်လုံး သုံးလိုက်မယ်ဆိုရင် ဩဃလေးပါးမှ လွန်မြောက်နိုင်တယ် ဆိုတဲ့ဥစ္စာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

သို့သော် အကျယ်တဝင့် ချဲ့ထွင်ပြီးသကာလ ဆရာဘုန်းကြီး ပြောပါဦးမယ်၊ သတိကလေး တစ်လုံးကို သုံးလိုက်လို့ရှိရင် ဩဃလေးပါးမှ လွန်မြောက်နိုင်တယ်ဆိုတော့ ဒကာ-ဒကာမတို့ "ဣဒံမေပုည် အာသဝက္ခယံ ဝဟံဟောတု" အာသဝေါတရား ကုန်ရပါလို၏လို့ ခင်ဗျားတို့ မဆိုကြဘူးလား ... (ဆိုပါတယ်)၊ အဲဒီအာသဝေါမှ လေးပါးစလုံး ကုန်ပါတယ် ... (မှန်ပါ)။

သတိတစ်လုံး လက်ကိုင်ထားရင် ... (အာသဝေါတရား လေးပါးစလုံး ကုန်ပါတယ်)၊ ဒကာကြွယ် သိပ်အဖိုးတန်ပါကလား ... (မှန်ပါ)၊ ဒါကြောင့် ဒကာ-ဒကာမတွေ ဘယ်စိတ်ပေါ်လာလာ ခင်ဗျားတို့ သတိထားပေးစမ်း ... (မှန်ပါ)၊ ဟောဒါ အိပ်ချင်တဲ့စိတ် ပေါ်လာပြီ၊ ဟော ... ကျင်ကြီးစွန့်ချင်

www.dhammadownload.com



တဲ့စိတ်၊ ဟော ... ကျင်ငယ်စွန့်ချင်တဲ့စိတ် ပေါ်ပြီ၊ ဟော ... ဒါကလေးက ပျက်သွားပြီ၊ ပျက်သွားပြီလို့ သတိထားလိုက်တော့ မသိပေဘူးလား ... (သိပါတယ်ဘုရား)။

သိလိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် ဟော ... သုခဝေဒနာ ပေါ်လာပြီ၊ ဒုက္ခဝေဒနာ ပေါ်လာပြီ၊ ဥပေက္ခာ ဝေဒနာ ပေါ်လာပြီလို့ သတိထားတော့ မသိဘူးလား ... (သိပါတယ်)၊ သိတော့ အပျက်ကလေးတွေကို မတွေ့ရဘူးလား (တွေ့ပါတယ်)၊ ပေါ်တာသိရင် ပျက်တာတွေ့တာကိုးဗျ... (မှန်ပါ့)၊ မီးထွန်းထာတွေ့လို့ရှိရင် မီးငြိမ်းတာ ခင်ဗျားတို့ တွေ့ရမယ်၊ စောင့်ကြည့်ပါ ... (မှန်ပါ့)။

မီးထွန်းထာတွေ့ရင် စောင့်ကြည့်တဲ့ပုဂ္ဂိုလ် ဘယ့်နှယ်တုံး (မီးငြိမ်းတာ တွေ့ရပါမယ်)၊ ဒါဖြင့် ပေါ်တာတွေ့မယ်၊ ပျက်တာကော ... (တွေ့ရပါမယ်ဘုရား)၊ အဲ ... သတိကလေးနဲ့သာ စောင့်နေစမ်းပါနော် ... (မှန်ပါ့)၊ ဘယ်စိတ်ပေါ်ပေါ် သတိကလေးနဲ့သာ စောင့်နေလို့ရှိရင် ဒကာ-ဒကာမတို့ လောဘစိတ်ကလေး လာတယ်ဆိုရင် လောဘစိတ်ကလေး စောင့်ကြည့်စမ်း၊ ဒကာသစ် ... (မှန်ပါ့)၊ အပျက်ကလေး မပျက်ပေဘူးလား ...,(ပျက်ပါ တယ်ဘုရား)။

လောဘစိတ်ကလေး ပျက်သွားတော့ လောဘတဏှာ၊ သူပျက်သွားပေါ့၊ ပျက်တာ ကျုပ်တို့ကသိတဲ့မဂ်ကနောက်က လိုက်မလာဘူးလား ...(လာပါတယ်)၊လာတော့ကာ မုပါဒါန်

www.dhammadownload.com



လာသေးသလား ... (မလာပါဘုရား)၊ ဟော ... ကာမောဃ တွေ လွတ်သွားပြီ ... (မှန်ပါ)။

ကဲ ... ဒါဖြင့် ကာမာသဝ လွတ်သွားပြီ၊ အပ္ပမာဒေန အဏ္ဏဝတဲ့ သတိတရားကလေး ထားလို့ရှိရင် အပြင်ကျယ်စွာ သံသရာကြီးကိုဆိုရင် ဩဃ ပင်လယ်ကြီး လွန်မြောက်နိုင် တယ်ဆိုသဖြင့် အခု ကာမောဃ ပင်လယ်ကြီးဟာ လွန် မြောက်သွားတာပဲ ... (မှန်ပါ)၊ သဘောကျပလား ... (ကျပါ ပြီဘုရား)။

ကိုင်း ... ဒီခန္ဓာကိုယ်ကြီးမှာ ရုပ်ဘက်ကနေပြီး ကြည့် လိုက်ပြန်တော့လဲ ဖြစ်တာနဲ့ ပျက်တာပဲ တွေ့တာပဲ ဆိုတော့ ဘယ်ဘဝလိုချင်သေးသတုံး ... (မလိုချင်ပါဘုရား)၊ ဟာ ... ဒါဖြင့် ဘဝလိုချင်တဲ့၊ ဘဝေါဃ သံသရာကြီးကော မဂ်က ဖျက်ချလိုက်တာ၊ ဘဝသံသရာကြီးထဲ လည်စရာ ရှိသေးရဲ့ လား ... (မရှိပါဘုရား)။

ဒါဖြင့် သတိတစ်လုံးကို စိတ်မှာထားထား၊ ဝေဒနာပေါ် မှာထားထား၊ ရုပ်ပေါ်မှာထားထား၊ ဒကာ-ဒကာမတို့ ဒီခန္ဓာ မျိုး ဘယ်ဟာမှ မလိုချင်တော့ဘူးဆိုတော့ ဘယ်ဘဝလိုချင် သေးသတုံး ... (ဘယ်ဘဝမှ မလိုချင်ပါဘုရား)။

ဒါဖြင့် ဘယ်ဘဝမှ မလိုချင်တော့ ကာမဘုံရော ... (မလို ချင်ပါဘုရား)၊ ရူပဘုံ၊ အရူပဘုံရော ... (မလိုချင်ပါဘုရား)၊

www.dhammadownload.com



အပါယ်သံသရာ ကြီးရော ... (မလိုချင်ပါဘုရား)၊ မလိုချင်တာတွေ အကုန်ပါမသွားဘူးလား ... (ပါသွားပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌောဃ—ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဆိုတဲ့ ဩဃလေးပါးစလုံးကို ဒကာ—ဒကာမတွေ သတိတစ်လုံးထားတဲ့ ပုဂ္ဂိုလ်ဟာ လေးခုစလုံးကို လွန်မြောက်နိုင်တယ် ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘယ်တရားပေါ်လာလာ ခင်ဗျားတို့ သတိကလေးထားနော် ... (မှန်ပါ့)၊ သတိပဋ္ဌာန် ဆိုတဲ့အတိုင်း ပညာက နောက်ကအလိုလို လိုက်လာတယ် (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

သတိကလေး ထားလိုက်ရင် ... (ပညာက အလိုလိုလိုက်ပါတယ် ဘုရား)။

ပညာနောက်က အလိုလိုလိုက်လာတော့ ဒကာ—ဒကာမတွေ သိတဲ့အတိုင်း ဘယ်စိတ်ပေါ်လာလာ သတိကလေး ထားလိုက်တဲ့ အခါကျတော့ သတိက ရှေ့က ဒါကလေး ကြည့်စမ်းလို့ သတိက လက်ညှိုး ညွှန်ပြပါတယ် (မှန်ပါ့)၊ ပညာနောက်က သွားကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်တာနဲ့ ပျက်တာ သွားတွေ့တယ် ... (မှန်ပါ့)၊ သတိက သတိထား ဖေါ်တော့ ရပါတယ်၊ ဖြစ်ပျက်ကျတော့ ပညာကတွေ့တယ် ... (မှန်ပါ့ ဘုရား)။

www.dhammadownload.com



သတိကတော့ ဟောဒါကလေး ကြည့်ပါလို့ လက်ညှိုးထိုးပြပေါ့ဗျာ ... (မှန်ပါ့)၊ တစ်နေရာသို့ ခင်ဗျားတို့ မရောက်ဖူးတဲ့ ပုဂ္ဂိုလ်ကို ရောက်ဖူးတဲ့ ပုဂ္ဂိုလ်က ဟောဒါကလေး သတိထားစမ်းပါ၊ ဒီဟာကလေး သတိထားစမ်းပါလို့ မပြောကြဘူးလား (ပြောပါတယ်)၊ နောက်က ပုဂ္ဂိုလ်ကလဲ သတိထားတော့ ချောတယ်၊ လှတယ်၊ အရုပ်ဆိုးတယ်၊ ပျက်စီးနေတယ်၊ ဟောင်း နွမ်းနေတယ်လို့ မသိဘူးလား ... (သိပါတယ်ဘုရား)၊ အဲ ... ရှေ့ကသွားတဲ့ ပုဂ္ဂိုလ်နဲ့ သတိနဲ့တူတယ်၊ နောက်စိစစ်တဲ့ ပုဂ္ဂိုလ်နဲ့ ပညာနဲ့တူတယ် ... (မှန်ပါ့ဘုရား)။

သတိကလေး ရှေ့ထားလို့ရှိရင်လဲ ပညာတရား နောက်လိုက်လာတဲ့အတွက် သတိက ခေါင်းဆောင် ဖြစ်နေလေသောကြောင့် သတိတရားနဲ့ ဘယ်စိတ်ပေါ်ပေါ် သတိထားလို့ရှိရင် ပညာက ဖြစ်ပျက်ချည်းတွေ့မှာပဲ ... (မှန်ပါ့)၊ မတွေ့ပေဘူးလား ... (တွေ့ပါတယ်ဘုရား)၊ အဲဒီလို တွေ့လိုက်တဲ့အခါ ကျလို့ရှိရင် ဖြင့် အာသဝေါတရား လေးပါး ကုန်နိုင်ပါတယ် ... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုံး ... (အာသဝေါတရားလေးပါး ကုန်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ–ဒကာမတို့ ဘယ်အခါမှ ငါတို့ သတိလွှတ်ပြီးမနေဘူး၊ ဘယ်စိတ်ပေါ်လာလာ ပေါ်ပြီလို့ သတိထားလို့ရှိရင် ပညာက နောက်က စစ်ဆေးတဲ့သဘောနဲ့ မလိုက်ပေဘူး

www.dhammadownload.com



လား (လိုက်ပါတယ်)၊ အဲ ... သတိက ရှေ့ထား၊ ပညာက ခုစ်ဆေးလိုက်တဲ့ အခါကျတော့ သတိက ပေါ်တာသိ၊ ပညာက အနိစ္စသိ (မှန်ပါ)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

သတိကတော့ ပေါ်တာပဲ သတိထားမိတယ် (မှန်ပါ)၊ ပညာက ဘယ်လိုသိပါလိမ့် (အနိစ္စသိပါတယ်ဘုရား)၊ အနိစ္စဆိုတဲ့ ဖြစ်ပျက်တွေ မသိပေဘူးလား (သိပါတယ်)၊ အဲဒီကဲ့သို့ သိတဲ့အခါကျလို့ ရှိရင်ဖြင့် သတိခေါင်းဆောင်လို့ သိတာပါပဲ (မှန်ပါဘုရား)။

ဘယ်လိုကြောင့် သိတာပါလိမ့် (သတိခေါင်းဆောင်လို့ သိတာပါဘုရား)၊ သတိခေါင်းဆောင်လို့ သိတာ ဖြစ်နေသောကြောင့် သတိပဋ္ဌာနလို့ မဟောဘူးလား (ဟောပါတယ်)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

ဒါဖြင့် သတိတစ်လုံးကို ခင်ဗျားတို့ သုံးကြလို့ ရှိရင်လဲတဲ့ ... ဒကာ–ဒကာမတို့ ဩဃ လေးပါးစလုံး လွတ်နိုင်ပါတယ်ဆိုတော့ သုံးဆယ့်တစ်ဘုံကို မလည်တော့ပါဘူးပြောလိုက်တာ ... (မှန်ပါဘုရား)။

သုံးဆယ့်တစ်ဘုံကို ... (မလည်တော့ပါဘုရား)။

ပါဠိတော်က အပ္ပမာဒေန အဏ္ဏဝံ၊ အပ္ပမာဒေန=မမေ့မလျော့ သတိထားခြင်းဖြင့်၊ အဏ္ဏဝံ=အပြင်ကျယ်စွာ သံသရာပင်လယ်ကြီးကိုဆိုတော့ ဘယ်ပင်လယ် ကျန်သေးသတုံး (မကျန်ပါဘုရား)၊ တရတိ – ကူးမြောက်နိုင်၏ဆိုတော့ ဩဃ

www.dhammadownload.com



လေးပါ၊ သံသရာကြီးထဲမှလည်း အကုန်လွန်မြောက်နိုင်မယ် ဆိုသဖြင့် ဘယ်စိတ်ပေါ်လာလာ သတိထားပြီး ပညာနဲ့ ရှုပေးပါ ... (မှန်ပါ့)၊ သတိထားပြီး ပညာနဲ့ ရှုပေးလိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ကာမဘုံလဲ လည်စရာ ရှိသေးသလား (မရှိပါဘုရား)၊ ရူပဘုံ၊ အရူပဘုံရော ... (လည်စရာမရှိပါဘုရား)၊ ဩော် ... ဒီလို လည်စရာ မရှိတာ ဘယ်သူ့ခေါင်းဆောင်လို့ပါလိမ့်မတုံး ... (သတိခေါင်းဆောင်လို့ပါ)၊ သတိခေါင်းဆောင်လို့ဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အာဋ္ဌဝက ဟောလိုက် တာက အပ္ပမာဒေန အဏ္ဏဝံ၊ ဆိုတဲ့အတိုင်း အပ္ပမာဒေန–ဖြစ်ပျက်ကို သတိထားသဖြင့် ပေါ်တဲ့စိတ်ကို သတိထားသဖြင့်လည်း၊ အဏ္ဏဝံ–အပြင်ကျယ်စွာ သံသရာ ပင်လယ်ကြီးကို၊ တရတိ–ကူးမြောက်နိုင်၏ ... (မှန်ပါ့ဘုရား)၊ သဘောကျပလား ... (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ–ဒကာမတို့သည်၊ ဩော် ... သတိတရားဟာ ... ဘယ်တော့မှ ပိုတယ်လို့မရှိဘူး၊ လိုတယ်သာ ရှိနေတယ် ဆိုပြီး သတိထားပြီး သကာလ မိမိခန္ဓာကိုယ်ထဲ ပေါ်လာသမျှကို ပညာနဲ့ ဖြစ်ပျက်ရှုပါ ... (မှန်ပါ့ဘုရား)။

အဲဒီသတိထားပြီး ပညာနဲ့ ဖြစ်ပျက်တွေ ရှုလိုက်ပြီ ဆိုမှဖြင့် အပြင်ကျယ်စွာ သံသရာပင်လယ်ကြီးကို ဘယ်တော့

www.dhammadownload.com



မဆို ကျုပ်တို့မြုပ်တာ၊ မျောတာနဲ့သာ အချိန်ကုန် ခဲ့ရပါတယ်၊ ဘယ်အခါကာလမှ ပင်လယ်နဲ့ ကျုပ်တို့သည် ကင်းပြီးနေခဲ့ရတဲ့အခါမရှိဘူး ... (မှန်ပါ့ဘုရား)၊ ကာမဘုံကလဲ ကာမပင်လယ်ထဲ မျောနေပါတယ်၊ ရူပဘုံရော (ရူပဘုံပင်လယ်ထဲ မျောနေပါတယ်)၊ အရူပဘုံ သွားပြန်တော့ကော (အရူပဘုံပင်လယ်ထဲ မျောနေပါတယ်)၊ ဘယ်ပင်လယ်မဆို ကျုပ်တို့မျောတာနဲ့၊ မြုပ်တာနဲ့ အချိန်ကုန်ခဲ့တာ၊ ဘယ်တော့မှ လွန်မြောက်သွားခဲ့တယ်လို့ ရှိခဲ့ရဲ့လား ... (မရှိခဲ့ပါဘုရား)၊ အဲဒါ သတိပဋ္ဌာန် ကင်းခဲ့လို့ဆိုတာကော ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ–ဒကာမတို့ အခုပြောတဲ့ ပါဠိတော်အတိုင်း အပ္ပမာဒေန အဏ္ဏဝံ ဆိုတဲ့အတိုင်း အပ္ပမာဒေန–ဖြစ်ပေါ်တဲ့ တရားကို သတိထားသဖြင့်၊ အဏ္ဏဝံ–အပြင်ကျယ်စွာ သံသရာ ပင်လယ်ကြီးကို၊ တရတိ–လွန်မြောက် နိုင်ပါ၏လို့ သေသေချာချာ ဟောတယ် ... (မှန်ပါ့ဘုရား)။

ဒါဖြင့် တရားနိဂုံးချုပ်ကြစို့၊ ' သဒ္ဓါတရားနဲ့တုန်းကတော့ အပါယ် သံသရာကြီး လွန်မြောက်ခဲ့တယ်၊ သတိတရားနဲ့ ကျတော့ အပါယ်သံသရာရော၊ အထက်သံသရာရော လွန်မြောက်တယ် ... (မှန်ပါ့)၊ ဒါဖြင့် ... သဒ္ဓါ, သတိ နှစ်ခုကို ခင်ဗျားတို့ အရေးတကြီး သုံးရလိမ့်မယ် ... (မှန်ပါ့ဘုရား)။

www.dhammadownload.com



ဒါဖြင့် ဘုရားဟောတာ ယုံကြည်၊ ဆရာသမားပြောတာ ယုံကြည်ပြီး သင်္ကာလ လာတိုင်းစောင့်ကြည့်ပါ ... (မှန်ပါ)၊ သတိထားစောင့်ကြည့်လို့ ရှိရင်ဖြင့် အောက်သံသရာရော ကြွင်းတဲ့သံသရာတွေရော အလုံးစုံ အကုန် လွန်မြောက်ပြီး သင်္ကာလ ခင်ဗျားတို့သည် ဤမှာဘယ်ကမ်း တည်းဟူသော ပင်လယ်မှ ဘေးဥပဒ်ရှိသော ဤမှာဘက်ကမ်းမှ၊ ဟိုမှာဘက်ကမ်း တည်းဟူသော ဘေးကင်းရာသို့ ခင်ဗျားတို့ သဒ္ဒါ၊ သတိနဲ့ပဲ ကူးမြောက်ပြီးသင်္ကာလ နိဗ္ဗာန်သို့ ရောက်ပါလိမ့်မယ်ဆိုတာ ဒီတရားနှစ်ခု လက်ကိုင်ထားရလိမ့်မယ် ... (မှန်ပါ)၊ ယုံကြည်ကြမလား ... (ယုံကြည်ပါပြီဘုရား)။

ကိုင်း ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု... သာဓု။